မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ ၂၀၀၉ ခုနှစ်၊ အောက်တိုဘာ ၂၇ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၉)၊ အမှတ်(၂၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ထိုင်းနိုင်ငံ၌ ကျင်းပသည့် (၁၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိလာသော

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၂၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အပီဆစ်ဝဲချာချီဝ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ ကျင်းပသည့် (၁၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။ *စာမျက်နှာ ၃ ကော်လံ ၁* *

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ ကျင်းပသည့် (၁၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီးနောက် ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ခုနှစ် အောက်တိုဘာ ၂၇ ရက်)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ဂုဏ်ရည်ကို မြှင့်တင်ဖော်ဆောင်

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နေပြည်တော်တွင် ကျင်းပလျက်ရှိရာ ယနေ့ဆိုပါလျှင် ဒသမနေ့မြောက် တိုင်ခဲ့ပြီဖြစ်သည်။

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြည်နယ်၊ တိုင်းအသီးသီးမှ ပြိုင်ပွဲဝင်ဦးရေ ၁၈၅၃ဦးနှင့် ဘာသာရပ်အလိုက် ပြိုင်ပွဲဝင် ၂၄၄၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ပြိုင်ပွဲကြီးများကို ဆယ်စုနှစ် နှစ်ခုနီးပါး စဉ်ဆက်မပြတ်ကျင်းပလာခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ကဏ္ဍအလိုက်၊ ဘာသာရပ်အလိုက် တိုးချဲ့ယှဉ်ပြိုင်စေမှုကြောင့် မြန်မာတိုင်းရင်းသားများ၏ ကိုယ်ပိုင်အမျိုးသားရေး ဥပဓိလက္ခဏာနှင့် အဆင့်အတန်းမြင့်မားသည့် လူမှုရေးစံနှုန်းများကို ဆက်လက်ထိန်းသိမ်းနိုင်မှု၊ သိမ်မွေ့နက်ရှိုင်းသည့် မြန်မာ့အနုပညာရပ်များကို လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်သွားမည့် မျိုးဆက်သစ်များ ပေါ်ထွန်းလာမှုတို့သည် အနာဂတ်မြန်မာ့လူ့အဖွဲ့အစည်းအတွက် ယဉ်ကျေးမှုအမွေခံကောင်း၊ ပတ်ဝန်းကျင်ကောင်းများကို ဖော်ထုတ်ပေးနိုင်မည် ဖြစ်သည်။

ယခုနှစ် ဇာတ်သဘင်ပြိုင်ပွဲအတွက် သတ်မှတ်ထားသည့် ဥဂ္ဂသေနဇာတ်တော်ကြီးသည် အတတ်ပညာ၏အရေးကြီးမှု၊ ခွဲ၊ လုံ့လ၊ ဝီရိယကို အသက်အရွယ် အချိန်အခါမရွေး ကျင့်သုံးအပ်မှု ရည်ရွယ်ချက်များ၊ ဘဝ၏ပန်းတိုင်ကို ပျော်ပါးမွေ့လျော်နေခြင်းထက် ပညာရှာမှီးခြင်း၊ တရားရှာခြင်းတို့ဖြင့်သာ ဆောင်ရွက်အပ်ကြောင်းကို ညွှန်ပြသော ကျယ်ဝန်းနက်ရှိုင်းသည့် ဇာတ်တော်ကြီးဖြစ်သည်။

ရုပ်စုံသဘင်အဖွဲ့ပြိုင်ပွဲတွင် ၅၅၀ဇာတ်တော်လာ ဓေနိပါတ်၊ ဋ္ဌလ္လိသဇာတ်တော်ကို ရုပ်သေးဇာတ်အဖြစ် ယှဉ်ပြိုင်ရာတွင် မိဘဘိုးဘွားများ၏ အစဉ်အလာကောင်းကို လက်ခံကျင့်သုံးရေး၊ ကံ ကံ၏အကျိုးကို သိမြင်စေရန် ကုသိုလ်ကောင်းမှုများဆောက်တည်ရေး၊ ပစ္စုပ္ပန် သံသရာအကျိုးအတွက် အကုသိုလ်အမှုများ ရှောင်ရှားနေရေး စသည့်ရည်ရွယ်ချက်များနှင့်အတူ မိမွေဖမွေကို ဆက်ခံထိုက်သည့် သားသမီးကောင်းများ၏တာဝန်ကို ညွှန်ပြသည့် အသိပညာပေး အနှစ်သာရနှင့်ပြည့်စုံသည့် ဇာတ်တော်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်သည့် အနုသုခုမပညာများ၏ ဂုဏ်အင်္ဂါရပ်များသည် ဗုဒ္ဓဒေသနာတော်လာ အဆုံးအမများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာများတွင် လက်ခံလာခဲ့သည့် လောကအကြောင်း၊ ဓမ္မအကြောင်း ဆိုင်ရာ လမ်းညွှန်မှုများ၊ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် ခမ်းနားထည်ဝါစွာ နေထိုင်လာခဲ့ကြသည့် မြန်မာ့လူ့အဖွဲ့အစည်း၏ အဆင့်အတန်း မြင့်မားမှုများ၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးဆိုင်ရာ တွေးခေါ်မြော်မြင်မှု အခြေခံသဘောတရားများ၊ နိုင်ငံကာကွယ်ရေး သေနင်္ဂဗျူဟာ အခင်းအကျင်းများ စသည့် မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ဂုဏ်ရည်များကို ထင်ထင်ရှားရှား ဖော်ညွှန်းပြသလျက်ရှိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျိုက္ကော်အထက အာစရိယပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၆

မွန်ပြည်နယ် သထုံမြို့နယ် ကျိုက္ကော် အထက၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို လာမည့် ဒီဇင်ဘာ၂၆ရက်(စနေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း ရွှေရတုခန်းမ၌ ကျင်းပမည်ဖြစ်ရာ အလှူငွေများကို ဦးဦးမြင့် ဖုန်း-၅၆၂၄၉၂၊ ဒေါ်ခင်ဝင်း ဖုန်း-၂၂၅၁၃၉၊ ဒေါ်ခင်ညိုဝင်း ဖုန်း-၂၉၅၉၁၃၉နှင့် ဦးတင်သန်း(မောင်နီ) ဖုန်း-၆၄၂၀၆၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

လက်တွေ့အသုံးချ သင်တန်းများဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၆

ကွန်ပျူတာနည်းပညာကို လေ့လာနေသူများနှင့် ပြည်ပသို့ သွားရောက်ကြမည့်သူများအတွက် အကျိုးရှိစေမည့် Software Solution with JAVA သင်တန်းကို Gusto ကွန်ပျူတာနည်းပညာသင်တန်းကျောင်းက ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

ယင်းသင်တန်းသည် မြန်မာလူငယ်များ Programming နည်းပညာများကို သိရှိနားလည်ရုံသာမက လက်တွေ့လုပ်ငန်းခွင်တွင် အမှန်တကယ်ရှိနေသော ပြဿနာများကို Solution အဖြေတစ်ခုထွက်အောင် စဉ်းစားတွေးခေါ်စေ၍ မိမိတတ်သိထားသော နည်းပညာများကို အံဝင်ခွင်ကျ အသုံးချနိုင်စေရန်ရည်ရွယ်ပြီး Programming နည်းပညာများကို အနှစ်သာရရှိရှိ နားလည်သဘောပေါက်ကာ လက်တွေ့နှင့် ချိတ်ဆက်၍ စဉ်းစားနိုင်သောကြောင့် နောင်အသစ်အသစ်ထွက်ပေါ်လာသော Programming Language များ၊ နည်းပညာများကို မိမိဘာသာ လေ့လာနိုင်စေမည်ဖြစ်သည်။

ဆက်သွယ်နိုင်

Programming အခြေခံမရှိသူများအနေဖြင့်လည်း Programming Fundamental သင်တန်းမှတစ်ဆင့် တက်ရောက်နိုင်ကြပြီး အသေးစိတ်သိရှိလိုပါက Gusto နည်းပညာသင်တန်းကျောင်း အမှတ်(၂၆) ၁၄ လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၈၈၉၆၊ ၂၂၄၄၉၆ နှင့် ၂၂၂၀၅၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီ ရုပ်မြင်သံကြား

၂၇-၁၀-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လျှပ်တစ်ပြက်
၄း၁၅ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅ ၅။ အင်္ဂလိပ်စာသုတ
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅း၁၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ လျှပ်တစ်ပြက်
၆း၄၀ ၁၃။ ကလေးတို့ကမ္ဘာ
၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မှုခင်းရဲ** (အပိုင်း-၃)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ မွေးမြူသုတ
၂၀။ ဟာသရုပ်စုံ
၂၁။ ဗွီစီဒီကျော်ကြားတေးများ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်ဆိုသောအရာ** (အပိုင်း-၁၈)

မန္တလေးတိုင်း ထူးချွန်ကြက်ခြေနီ ဂုဏ်ပြုပွဲအခမ်းအနား တိုင်းမှူးဗိုလ်ချုပ်တင်ငွေ တက်ရောက် ဆုချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၂၆

မန္တလေးတိုင်း ထူးချွန်ကြက်ခြေနီ ဂုဏ်ပြုပွဲအခမ်းအနားကို အောက်တိုဘာ ၉ရက်က ချမ်းအေးသာစံမြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်များအသင်း ခန်းမဆောင်၌ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်၍ အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ထူးချွန်ကြက်ခြေနီများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူးသည် ငါန်းဇွန်မြို့နယ် ခြသေ့လက်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ငါန်းဇွန်ဒစ်ဂျစ်တယ်အော်တိုအိတ်ချိန်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အော်တိုအိတ်ချိန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထိုမှတစ်ဆင့် တိုင်းမှူးသည် ငါန်းဇွန်မြို့နယ် စီကောင်းကျေးရွာ မိုးမြေပဲစံပြစိုက်ခင်း၊ ရွာသစ်အုပ်စု ဘုရားထူးကျေးရွာ ငွေချည်(၆)ဝါ စံပြစိုက်ခင်းနှင့် မိုးစပါးစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာကြည့်တိုက် စံ(၅)ချက်နှင့် ညီညွတ်ရေး ဗိုလ်တထောင် ဘုရားဏီစာကြည့်တိုက်၌ ဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၂၆

ဗိုလ်တထောင်မြို့နယ် အမှတ်(၈) ရပ်ကွက်ရှိ ဘုရားဏီကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် အောက်တိုဘာ ၁၄ရက် နံနက်၁၁နာရီက စံ(၅)ချက်နှင့်ညီညွတ်သော စာကြည့်တိုက်ဖြစ်ပေါ်ရေး ဆွေးနွေးပွဲ ကျင်းပရာ ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်သန်းနွဲ့က စံ(၅)ချက်နှင့်ညီညွတ်ရေး၊ စာဌားစနစ်ကျင့်သုံး ရေး၊ ငွေပဒေသာပင်စိုက်ထူရေးကိစ္စများကို ဆွေးနွေးသည်။

တက်ရောက်

အခမ်းအနားသို့စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် ကော်မတီဝင်များ၊ စာကြည့်တိုက်မှူး ဒေါ်မာလာအေး၊ စာပေဝါသနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် စာအုပ်အလှူရှင်များ တက်ရောက်ကြသည်။

ဆွေးနွေး

အခမ်းအနားတွင် ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က စာကြည့်တိုက် အခြေအနေများကို ရှင်းလင်းပြောကြားပြီး စံ(၅)ချက်နှင့် ညီညွတ်သော စာကြည့်တိုက်ဖြစ်ပေါ်ရေး ဝိုင်းဝန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။ (ဝဲပုံ) (မြို့နယ် ပြန်/ဆက်)

လှူဒါန်း

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ ပင်လုံလမ်း အမှတ် ၁/၅၄ နေ ဦးညို-ဒေါ်အမာ၊ သားသမီး၊ မြေးမြစ်မိသားစုက ဦးညို (၈၁) နှစ်ပြည့် မွေးနေ့အလှူအတွက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာဖောင်ဒေးရှင်း) အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်ငါးသိန်းလှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးနှင့် အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့ လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်

(၁၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများသို့ တက်ရောက်ရန် ထိုင်းနိုင်ငံ ဟွာဟင်းမြို့သို့ ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၆

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ်ဝဲ့ချာချီဝ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ ကျင်းပမည့် (၁၅)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ-ဂျပန် ထိပ်သီးအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ထိပ်သီးအစည်းအဝေး၊ (၁၂)ကြိမ်မြောက် အာဆီယံ+၃ ထိပ်သီးအစည်းအဝေး၊ (၇)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးနှင့် (၄)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယ တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် အောက်တိုဘာ ၂၂ ရက် နံနက် ၁၀နာရီ ၄၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် မွန်းလွဲ ၁နာရီ မိနစ် ၂၀တွင် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ရှိ ဟွာဟင်းလေဆိပ်သို့ ရောက်ရှိသည်။

ခရီးဦးကြိုဆို

ရှေးဦးစွာ နိုင်ငံတော် ဝန်ကြီးချုပ်အား ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးအောင်သိမ်းက ခရီးဦးကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr.Chawarat Charnveerakul က ကြိုဆိုနှုတ်ဆက်ပြီး ဂုဏ်ပြုပန်းကုံး ပေးအပ်သည်။

ကြိုဆိုနှုတ်ဆက်

ဆက်လက်၍ Prajoubkirikan ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Veera Sriwatanatrakul နှင့် ဇနီးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ စစ်သံမှူး ဗိုလ်မှူးကြီး ဝင်းမောင်နှင့် သံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများက ဂါရဝပြု ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ခေတ္တတည်းခိုမည့် ဟွာဟင်းမြို့ရှိ Springfield @ Sea Hotel သို့ ရောက်ရှိကြသည်။ **(သတင်းစဉ်)**

** ရှေ့ဖုံးမှ*

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Bansarn Bunnag၊ စစ်သံမှူး Col. Ekachai Harnpoonvittaya နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ခင်မြင့်မြင့်အား ရည်စူး၍ အမှတ်(၁၀၆/ ၁၀၈) ငါးထပ်ကြီးဘုရားလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့နေ ဦးမြတ်သင်းအောင်နှင့် သားသမီးမြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဆွမ်းတစ်နေ့စာ အလှူငွေကျပ် သုံးသိန်းနှင့် ကျပ် ၁၅၂၈၀၀၀တန်ဖိုးရှိ ဆေးနှင့်အလှူပစ္စည်းများ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။

(သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ ဟွာဟင်းမြို့၌ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးများ တက်ရောက်ရန် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ရှိ ဟွာဟင်းလေဆိပ်သို့ ရောက်ရှိလာရာ ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Chawarat Charnveerakul က ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၇-၁၀-၂၀၀၉ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၀ ၂။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၀၅ ၇။ **သူငယ်ချင်းမရှိတဲ့ဥပဒေ**
- ၈:၁၀ ၈။ အတီးပြိုင်ပွဲ
- ၈:၂၀ ၉။ လင်ပန်းရေလှောင်တမံ
- ၈:၃၀ ၁၀။ နှောင်းခေတ်တေးပဒေသာ
- ၈:၄၀ ၁၁။ International News
- ၈:၄၅ ၁၂။ Connect with English (Episode-27) (Bad News)
- ၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အကပြိုင်ပွဲ
- ၄:၂၅ ၃။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၄:၃၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သမိုင်းအထူးပြု) (သမိုင်း)
- ၄:၅၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၀ ၆။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၅:၁၀ ၇။ အဆိုပြိုင်ပွဲ
- ၅:၂၀ ၈။ **နှောင်းနောင်တ** ထက်ထက်၊ ဆောင်းအိန္ဒြေထွန်း၊ တင်တင်လှ (ဒါရိုက်တာ-အောင်မိုး၊ ပဲရစ်)
- ၅:၃၅ ၉။ **တောင်ပိုင်းရှမ်းမှ သုတဘဏ်တိုက် တောင်ကြီးကိုယ်ပွား သတင်းစာတိုက်**
- ၅:၄၅ ၁၀။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၃၅ ၁၄။ ဆိုလိုက်ကြစို့
- ၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ်** (အပိုင်း-၃)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ**
- ၂၀။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့က စီစဉ်တင်ဆက်သော ၂၀၀၉ ခုနှစ် ဇူလိုင်လ (၃)ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဝတ်စားဆင်ယင် ထုံးဖွဲ့မှုပြပွဲ **အရွယ်သုံးပါး မိန်းမသား အလှဝေဖြာမေမြန်မာ**(အပိုင်း-၂)
- ၂၁။ အစီအစဉ်ပြီး၏။

ထန်းတပင်စည်ပင်သာယာ ကျောက်ချောခင်းရန် ကျောက်စုဆောင်း

ထန်းတပင် အောက်တိုဘာ ၂၆

၂၀၀၉-၂၀၁၀ ပဲခူးတိုင်း ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကညင်ပင် ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းအတွက် ကျောက်စုဆောင်းထားရှိမှုကို အောက်တိုဘာ ၁၆ရက်က ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးလှမိုးထွန်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းလတ်ဦးတို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အထက(၁)လှိုင် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၆

လှိုင်မြို့နယ် အထက(၁)တွင် (၁၉၆၅ခုနှစ်မှ ၁၉၈၅ခုနှစ်အထိ) ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံကြ၍ ယင်းနှစ်တွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား အဠမအကြိမ် မြတ်ဆရာပူဇော်ပွဲကို အဆိုပါကျောင်းရှိ ဘုရင့်နောင်ခန်းမ၌ ဒီဇင်ဘာ ၂၆ရက် (စနေနေ့) နံနက်၉နာရီတွင် ဂါရဝပြု ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

အဆိုပါ မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကျင်းပနိုင်ရေးနှင့် အလှူငွေရှာနိုင်ရေး အတွက် (၁၉၆၅ခုနှစ်မှ ၁၉၈၅ခုနှစ်အထိ) ကျောင်းသား ကျောင်းသူဟောင်းများ အားလုံး နိုဝင်ဘာ၁ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အထက(၁)လှိုင် ဘုရင့်နောင် ခန်းမ၌ တွေ့ဆုံညှိနှိုင်းမည်ဖြစ်ပြီး အပတ်စဉ် (စနေနေ့)မွန်းလွဲ၁နာရီတွင် တွေ့ဆုံမည်ဖြစ်ကြောင်းနှင့် အလှူငွေထည့်ဝင်နိုင်ရေးအတွက် ဗိုလ်မှူးကြီး ဇော်ထွန်း (ငြိမ်း) ဖုန်း-၀၁-၆၄၂၁၀၃၊ ဦးခင်ဇော် ဖုန်း-၀၉-၉၉-၂၂၅၅၅၊၇၀၇၅၇၅၊ ဦးဇေယျ ဖုန်း- ၀၉-၅၀-၁၉၈၀၃၊ ဦးလှိုင်ထွန်း ဖုန်း ၀၉-၅၁-၁၉၆၉၀၊ ဦးမောင်မောင် ဖုန်း-၀၉-၅၁-၁၀၇၃၆၊ ဦးခင်မောင်ညို ဖုန်း-၀၉-၅၀-၃၈၄၄၂၊ ဒေါ်လှလှဝင်း ဖုန်း-၀၁-၅၁၇၀၆၄၊ ဒေါ်သန်းသန်းအေး ဖုန်း-၀၁-၆၈၀၇၁၉၊ ဦးစွမ်းဟုတ် ဖုန်း-၀၁-၆၄၁၀၉၉၊ ၀၉-၅၀-၁၂၀၈၀၊ ကိုကိုလတ် ဖုန်း-၀၁-၅၀၁၄၆၆၊ Ext ၃၈၃၊ ဦးမျိုးခင် ဖုန်း-၀၁-၆၄၁၂၀၅၊ ဒေါ်သန်းသန်းအေး ဖုန်း-၀၁-၅၁၂၃၇၀၊ ဒေါ်အေးအေးတင့် ဖုန်း-၀၁-၆၆၇၅၂၇ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

နှလုံးရောဂါကင်းဝေးစေသည့် သီဟိုဠ်သရက်စေ့

သီဟိုဠ်သရက်စေ့သည် အခြားသော အခွံမာသီးအများစုထက် အဆီပိုနည်းသည်။ ၇၅ရာခိုင်နှုန်းသာရှိသည်။ ထိုမျှမက ယင်းမှာ မပြည့်ဝ အဆီအက်စစ်ဖြစ်ပြီး မပြည့်ဝအဆီ အက်စစ်၏ ၇၅ရာခိုင်နှုန်းမှာ အဆီအက်စစ်ဖြစ်သည်ကို တွေ့ရသည်။

ကောင်းမွန်

ထိုအဆီအက်စစ်က နှလုံးသွေးကြောနှင့်ဆိုင်သော ကျန်းမာရေးကို ပိုမိုကောင်းမွန်စေသည်။ ဆီးချို သွေးချိုရှိသူတစ်ဦးချင်း၏ ကျန်းမာရေးကိုပါ ကောင်းမွန်စေကြောင်း လေ့လာတွေ့ရှိရသည်။

ညွှန်ပြ

သီဟိုဠ်သရက်စေ့တွင် ကြေးနီဓာတ်လည်းပါဝင်သည်။ ကြေးနီဓာတ်လိုအပ်သလို မရှိလျှင် မကျန်းမမာ ဖြစ်စေတတ်သည်ဆို၏။ သီဟိုဠ်သရက်စေ့စားခြင်းဖြင့် နှလုံးသွေးကြောဆိုင်ရာရောဂါများ သက်သာကြောင်း စမ်းသပ်တွေ့ရှိချက်များက ညွှန်ပြနေသည်။

ရက်သတ္တပတ်လျှင် အနည်းဆုံး လေးကြိမ်စားသူသည် မစားသူထက် နှလုံးရောဂါဖြစ်နိုင်ခြေ ၃၇ရာခိုင်နှုန်းပိုနည်းသည်။ ထို့ကြောင့် နှလုံးရောဂါကင်းဝေးရန် အနည်းဆုံး ရက်သတ္တပတ်လျှင် သီဟိုဠ်သရက်စေ့ တစ်လက်ခုပ်ခန့် လေးကြိမ်စားသင့်ကြောင့် အကြံပေးထားသည်။ ။

မီးပုံးပျံလွှတ်တင်

တရုတ်နိုင်ငံ ယူနန်ပြည်နယ် လီကျန်းမြို့၌ ကျင်းပသည့် မီးပုံးပျံပွဲတွင် လွှတ်တင်ရန် ပြင်ဆင်နေသော မီးပုံးပျံကို အောက်တိုဘာ ၂၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

နယ်ပယ်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ရန် ပါကစ္စတန်နှင့်တူရကီတို့ သဘောတူညီ

အစ္စလမ္မာဘတ် အောက်တိုဘာ ၂၆

ပါကစ္စတန်နှင့်တူရကီနိုင်ငံတို့သည် စီးပွားရေး၊ ကုန်သွယ်ရေး၊ စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု၊ စက်မှုလုပ်ငန်း၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကာကွယ်ရေးနှင့် နှစ်နိုင်ငံဆက်ဆံရေးအပါအဝင် နယ်ပယ်ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီမှုကို ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့၌ အောက်တိုဘာ ၂၅ရက်က သဘောတူလက်မှတ်ရေးထိုးကြသည်။

အဆိုပါသဘောတူမှုကို ပါကစ္စတန်ဝန်ကြီးချုပ် ရာဇာဂီလာနီနှင့် ပါကစ္စတန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် တူရကီဝန်ကြီးချုပ် ရီဆပ်တာရစ်ပ်အာဒိုဂန်တို့က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

သဘောတူညီ

ဒေသတွင်းနှင့် နိုင်ငံတကာလုံခြုံရေး၊ တည်ငြိမ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် နှစ်နိုင်ငံအမြင်ချင်းဖလှယ်၍ ပူးပေါင်းဆောင်ရွက်ရန်လည်း သဘောတူညီခဲ့ကြောင်း သိရသည်။

ပါဝင်

အဆိုပါ သဘောတူညီမှုတွင် ပါကစ္စတန်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်ရန်အတွက် စက်မှုဇုန်များတည်ထောင်ရေးနှင့် နှစ်နိုင်ငံ လွတ်လပ်စွာ ကုန်သွယ်ရေးဇုန် ထူထောင်ရေးတို့လည်း ပါဝင်ကြောင်း သိရသည်။ **(အင်တာနက်)**

ယခုနှစ်အတွင်း ငွေကြေးဖောင်းပွမှုကျဆင်းမည် ရုရှားဝန်ကြီးချုပ် ပူတင် ပြောကြား

မော်စကို အောက်တိုဘာ ၂၆

၂၀၀၉ခုနှစ်အတွင်း ရုရှားနိုင်ငံ၏ ငွေကြေးဖောင်းပွမှုမှာ ၈ရာခိုင်နှုန်းကျော် ကျဆင်းမှာဖြစ်ကြောင်း ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်က အောက်တိုဘာ ၂၅ရက်၌ ပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် ငွေကြေးဖောင်းပွမှု ကျဆင်းအောင် ကြိုးစားဆောင်ရွက်ထားကြောင်း၊လာမည့်သုံးလေးနှစ်အတွင်း၌လည်း ငွေကြေးဖောင်းပွမှု ငါးရာခိုင်နှုန်းမှ ခြောက်ရာခိုင်နှုန်းအထိ ကျဆင်းစေရန် ရည်မှန်းလုပ်ဆောင်သွားမှာ ဖြစ်ကြောင်း ပူတင်က ရုရှားနိုင်ငံမြောက်ပိုင်း စိန့်ပီတာစဘတ်မြို့၌ကျင်းပသည့် ရုရှားစီးပွားရေးဆိုင်ရာညီလာခံတွင် ပြောကြားလိုက်ခြင်းဖြစ်သည်။

ကျဆင်း

စီးပွားရေးလုပ်ငန်းများအား ကောင်းမွန်တည်ငြိမ်သည့်အခြေအနေကို ဖန်တီးပေးနိုင်ရန်အတွက် အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများ ထုတ်ချေးပေးသည့် အကျိုးဆက်အနေဖြင့် ငွေကြေးဖောင်းပွမှုများ ကျဆင်းလာခြင်းဖြစ်ကြောင်း ပူတင်က ဆက်လက်ပြောကြားသည်။**(အင်တာနက်)**

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့ ကလေးသူငယ်များနေ့၌ ကလေးငယ်များပါဝင်ဆင်နွှဲနေကြသည်ကို အောက်တိုဘာ ၂၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အိန္ဒိယ ဂြိုဟ်တုဆက်သွယ်ရေးအချက်အလက် အာဆီယံကိုခွဲဝေပေးရန် ကမ်းလှမ်း

ဟွာဟင်း (ထိုင်း) အောက်တိုဘာ ၂၆

အိန္ဒိယနိုင်ငံသည် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ရရှိသောဂြိုဟ်တုဆက်သွယ်ရေးဆိုင်ရာ အချက်အလက်များကို အရှေ့တောင်အာရှနိုင်ငံသို့ ဖြန့်ချိဝေငှကာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အရှေ့တောင်အာရှနိုင်ငံများအား ကူညီပေးရန်နှင့် အိန္ဒိယကတည်ဆောက်သည့် အသေးစားဂြိုဟ်တုများကို အာဆီယံဒေသ၌ လွှတ်တင်ပေးရန် အိန္ဒိယနိုင်ငံက အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ကို အောက်တိုဘာ ၂၄ရက်က ကမ်းလှမ်းလိုက်ကြောင်း သတင်းရရှိသည်။

ပြောကြား

သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအတွက် ဂြိုဟ်တုဆက်သွယ်ရေး အချက်အလက်များကို အာဆီယံသို့ ခွဲဝေပေးရန် မိမိတို့အသင့်ရှိကြောင်း အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ချားအမ်ဟွာဟင်းမြို့၌ ပြောကြားသည်။

ထိုင်းနိုင်ငံတွင် ကျင်းပသည့် သတ္တမအကြိမ်မြောက် အိန္ဒိယအာဆီယံ ထိပ်သီးအစည်းအဝေး၌ မိန့်ခွန်းပြောကြားရာတွင် အိန္ဒိယဝန်ကြီးချုပ်က ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ ***အမ်အင်န်အေ၊ပီတီအိုင်***

ပါရာဂွေး၌ ရေလွှမ်းမိုး

ပါရာဂွေးနိုင်ငံ အန်ကရန်နစ်ကွန်မြို့၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပေါ်နေသည်ကို အောက်တိုဘာ ၂၅ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

A(H1N1)တုပ်ကွေးရောဂါကူးစက်မှု အမေရိကန်၌ အရေးပေါ်အခြေအနေကြေညာ

ဝါရှင်တန် အောက်တိုဘာ ၂၆

အမေရိကန်ပြည်ထောင်စုတွင် ကူးစက်ပျံ့နှံ့နေသော A(H1N1)တုပ်ကွေးရောဂါနှင့်စပ်လျဉ်း၍ သမ္မတအိုဘားမားက အရေးပေါ်အခြေအနေကြေညာလိုက်ကြောင်း သမ္မတအိမ်ဖြူတော်မှ အောက်တိုဘာ ၂၄ရက်တွင် ကြေညာသည်။

လက်မှတ်ရေးထိုး

ထိုသို့ အရေးပေါ်အခြေအနေကြေညာချက်ကို သမ္မတအိုဘားမားက အောက်တိုဘာ ၂၃ရက်ညတွင် လက်မှတ်ရေးထိုးလိုက်သည်ဟု ဆိုသည်။

ကြေညာ

အမေရိကန်ပြည်ထောင်စုတွင် ဧပြီလကတည်းက စတင်ကူးစက်နေသည့် A(H1N1) တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၁၀၀၀ကျော်ရှိပြီး ဆေးရုံသို့ တက်ရောက်ကုသမှုခံယူနေရသူ ၂၀၀၀၀ကျော်ရှိကြောင်း ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန(စီဒီစီ)က ကြေညာသည်။ အမ်အင်န်အေ၊ဆင်ဟွာ

လက်နက်ခဲယမ်း အမြောက်အမြား တာလီဘန်တို့ထံမှ သိမ်းဆည်းရမိ

ကဘူးလ် အောက်တိုဘာ ၂၆

အာဖဂန်နစ္စတန်နိုင်ငံ ခို့စ်ပြည်နယ်နှင့် ပတ်တီကာပြည်နယ်တို့တွင် အာဖဂန်တပ်ဖွဲ့က စစ်သွေးကြွများကို ထိုးစစ်ဆင်နှိမ်နင်းမှုအတွင်း လက်နက်ခဲယမ်း ဒါဇင်နှင့်ချီကာ သိမ်းဆည်းရမိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၄ရက်၌ ကြေညာသည်။

လက်ရဖမ်းဆီး

အဆိုပါ ဒေသများမှ မောင်းပြန်သေနတ် ၂၃လက်၊ တင့်ကားဖျက်ဗုံး ခုနစ်လုံး၊ စိန်ပြောင်း ကျည် ၃၂ လုံးတို့နှင့်အတူ စစ်သွေးကြွတစ်ဦးကို လက်ရဖမ်းမိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားသည်။

(အင်တာနက်)

အိန္ဒိယနိုင်ငံ စလီဂူရီမြို့၌ မီးလောင်သဖြင့် ပျက်စီးသွားသော လူနေအိမ်များကို အောက်တိုဘာ ၂၅ရက်က တွေ့ရစဉ်။

(အဆိုပါ ဖြစ်ပွားမှုကြောင့် လူ ၁၀၀၀ကျော် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။)

(အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာ လေကြောင်းညီလာခံနှင့် ကုန်စည်ပြပွဲ နိုင်ဂျီးရီးယား၌ လက်ခံကျင်းပမည်

လေဂို့စ် အောက်တိုဘာ ၂၆

နိုင်ငံတကာလေကြောင်းဆိုင်ရာ ညီလာခံ(အေစီအိုင်)နှင့် လေကြောင်းကုန်စည်ပြပွဲကို ၂၀၁၀ပြည့်နှစ်တွင် နိုင်ဂျီးရီးယားနိုင်ငံ၌ လက်ခံကျင်းပမည်ဖြစ်ကြောင်း ဒေသဆိုင်ရာရုံးအဖွဲ့က သတင်းထုတ်ပြန်သည်။

ကူညီဆောင်ရွက်

အဆိုပါ လေကြောင်းကုန်စည်ပြပွဲတွင် (အေစီအိုင်)အဖွဲ့ဝင်များမှ လေကြောင်းဝန်ဆောင်မှု အရည်အသွေးမြှင့်တင်ရေး၊ အထူးသဖြင့် နည်းပညာအသုံးပြုမှုနှင့် သင်တန်းများကို ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယားနိုင်ငံ လေဂို့စ်မြို့၌ အောက်တိုဘာ ၂၃ရက်ကကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ထပ်လောင်းပြောကြား

ထို့ပြင် လေကြောင်းပြပွဲများ ပြုလုပ်ခြင်းဖြင့် လေယာဉ်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုစက်မှုကဏ္ဍများ၌ အကျိုးအမြတ်များရရှိစေနိုင်ကြောင်း နိုင်ဂျီးရီးယားနိုင်ငံ လေကြောင်းအာဏာပိုင်အဖွဲ့က ထပ်လောင်းပြောကြားသည်။ ***(အင်တာနက်)***

သမိုင်းဝင် သတင်းသုတ သမိုင်းဝင် သတင်းသုတ သမိုင်းဝင် သတင်းသုတ သမိုင်းဝင် သတင်းသုတ

စစ်အေးတိုက်ပွဲ (၁၉၄၅-၁၉၉၁)

တိုး
စုစည်းရေးသားသည်

သမိုင်းဘီးသည် ရှေ့သို့သာလည်လျက်ရှိသည်ဆိုသော်ငြား၊ ဖြောင့်ဖြူးသော လမ်းကိုချည်း လှမ်းရသည် မဟုတ်၊ တစ်ခါတစ်ရံတွင် ခယောင်းတောကိုဖြတ်သန်းရသည်လည်းရှိသည်။ တစ်ဦးနှင့်တစ်ဦး၊ တစ်မျိုးနှင့် တစ်မျိုး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ တစ်အုပ်စုနှင့်တစ်အုပ်စုဆက်ဆံရာတွင် ဘဝနှင့်ဆန္ဒ မကိုက်ညီသောအခါ ငြင်းကြ၊ ခုန်ကြ၊ ပဋိပက္ခများ ဖြစ်ကြရသည်။

အကြီးမားဆုံး လက်နက်ကိုင် ပဋိပက္ခဖြစ်သည့် ကမ္ဘာစစ်ကြီး နှစ်ကြိမ်ကြုံခဲ့ရပြီ။ လူ့အသက်ပေါင်းများစွာ စတေးရပြီး ရုပ်ဝတ္ထုပစ္စည်းများ၊ အထူးသဖြင့် အဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှု အမွေအနှစ်များ ပျက်စီးဆုံးရှုံးရသည်မှာ သင်ခန်းစာယူဖွယ်ရာဖြစ်သည်။ သို့ဆိုလျှင် ကမ္ဘာတစ်ဝန်း စစ်မီးများ ငြိမ်းပါပြီလော။

စီးပွားရေးကျဆင်းမှု

ကမ္ဘာ့စီးပွားရေးကျဆင်းမှု၊ အကြမ်းဖက်မှု၊ ရာသီဥတုဖောက်ပြန်မှုကြောင့် သဘာဝဘေးဒုက္ခများ ကြုံတွေ့မှုများသည် မျက်မှောက်ခေတ်၏ စိန်ခေါ်မှုများတွင် အဓိကပြဿနာများဖြစ်သည်။ ယင်းတို့ထဲတွင် မဆင်ခြင်ကြလျှင်ဖြင့် လူသားတစ်ရပ်လုံးသာမက သက်ရှိအားလုံး ဤကမ္ဘာမြေမှ ပျောက်ကွယ်သွားစေမည့်စိန်ခေါ်မှုမှာ ရာသီဥတုဖောက်ပြန်မှုပင် ဖြစ်သည်။ ရာသီဥတုဖောက်ပြန်မှုမှာ အဓိကအားဖြင့် လူ့ပယောဂကြောင့် ဖောက်ပြန်ခြင်းဖြစ်ကြောင်း သိရှိလာသောအခါ နိုင်ငံတကာအဆင့်၊ ဒေသအဆင့်၊ နိုင်ငံအဆင့်နှင့် တစ်ဦးချင်း တားဆီးဟန့်တားသင့်သည်။ ရာသီဥတုဖောက်ပြန်မှု တိုက်ဖျက်ရန် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်များ လျှော့ချရမည့်အချိန်တွင် စီးပွားရေးထိခိုက်မည်ကို စိုးရိမ်ကာ တင်းခံသော ချမ်းသာသည့်နိုင်ငံ ရှိသေးသည်ဆိုသောအခါ အံ့အားသင့်စရာဖြစ်သည်။

ရှက်ဖွယ်လိလိ

လွန်ခဲ့သည့် ၂၅ နှစ်က လူတစ်သန်း သေဆုံးခဲ့သည့် အီသီယိုးပီးယားနိုင်ငံ၌ ယခုအခါ ပြည်သူ ၆ ဒသမ ၂ သန်းအတွက် အရေးပေါ်ရိက္ခာများ လိုအပ်လျက်ရှိသည်။ ကမ္ဘာပေါ်တွင် လူသန်းပေါင်း ၁၀၀၀ တို့ ငတ်မွတ်ခေါင်းပါးနေကြောင်း ကုလသမဂ္ဂက မကြာမီကြေညာလိုက်သောအခါ အံ့အားသင့်စရာအဖြစ်မှ ရှက်ဖွယ်လိလိ ဖြစ်လာပါသည်။

စစ်ဖြစ်နေသည့် အာဖဂန်နစ္စတန်နိုင်ငံ၌ လူဦးရေသန်း ၃၀ အနက် ၁၂ သန်းမှာ ဆင်းရဲမွဲတေမှုစံနှုန်းအောက် ရောက်နေသည်ဟု ထုတ်ပြန်ကြေညာလိုက်သောအခါတွင် စစ်အေးတိုက်ပွဲကာလကို ပြန်ပြောင်း သတိရမိစေပါသည်။

စစ်အေးတိုက်ပွဲ

စစ်အေးတိုက်ပွဲသတင်းကို နိုင်ငံတကာသတင်းများတွင် မတွေ့ရသည်မှာ ကြာပြီဖြစ်၍ တင်းမာမှုလျော့ပါးရေး (Detente) ဟူသော ဝေါဟာရကို မေ့ရမလောက်ဖြစ်နေပါသည်။ စစ်အေးတိုက်ပွဲဟူသော ဝေါဟာရကို အင်္ဂလိပ်စာရေးဆရာကြီး ဂျော့အော်ဝဲက ၁၉၄၆ ခုနှစ် မတ်လ ၁၀ ရက်နေ့ထုတ် အော့ဘဇားဗားသတင်းစာ၌ စတင်သုံးစွဲသည်။ ရုရှားက ဗြိတိန်နှင့် ဗြိတိန်အင်ပါယာကို စစ်အေးတိုက်ပွဲ စတင်နေပြီဟူ၍ ဖြစ်၏။

ပဋိပက္ခ

ဒုတိယကမ္ဘာစစ်ကြီး (၁၉၃၉-၁၉၄၅)အပြီး ဆိုဗီယက်ပြည်ထောင်စုနှင့် ယင်း၏ ဩဇာခံနိုင်ငံများကတစ်ဖက်၊ အမေရိကန်နိုင်ငံအပါအဝင် အနောက်အုပ်စုအင်အားကြီးနိုင်ငံများကတစ်ဖက် နိုင်ငံရေးပဋိပက္ခ၊ စစ်ရေးတင်းမာမှု၊ စီးပွားရေး ယှဉ်ပြိုင်မှုများ ဆက်လက်ဖြစ်နေသည့်အခြေအနေမှာ စစ်အေးတိုက်ပွဲပင်ဖြစ်သည်။

အုပ်စုနှစ်စုမှ အဓိကအင်အားကြီးနိုင်ငံများ၏ စစ်တပ်များ အနေဖြင့် တိုက်ရိုက်ထိပ်တိုက်မတွေ့ကြသော်လည်း စစ်အုပ်စုများ ဖွဲ့မှု၊ မဟာဗျူဟာမြောက် သမားရိုးကျလက်နက်များ ဖြန့်ကြက်မှု၊ နျူကလီးယားလက်နက်အပြိုင်တပ်ဆင်မှု၊ အပြန်အလှန် သူလျှိုထောက်လှမ်းမှု၊ ကိုယ်စားလှယ်စစ်ပွဲများ၊ ဝါဒဖြန့်ချိမှု၊ အာကာသပြိုင်ဆိုင်မှုကဲ့သို့သော နည်းပညာယှဉ်ပြိုင်မှုများ ပြုလုပ်ကာ နှစ်ဦးနှစ်ဖက် ဝိရောဓိများရှိနေသည်။ ယှဉ်ပြိုင်မှုများ ရှိနေသည်။

ဆိုဗီယက်ခေါင်းဆောင်ဟောင်း မီခေးလ်ဂေါ်ဘာချော့ဗ်နှင့် အမေရိကန်သမ္မတဟောင်း ရော်နယ်ရေဂင်(ဝဲဘက်)တို့ ၁၉၈၅ ခုနှစ်က တွေ့ဆုံခဲ့ကြသည်မှာ ....။
(အင်တာနက်ဓာတ်ပုံ)

ဒုတိယကမ္ဘာစစ်ကြီးတွင် ဝင်ရိုးစွန်းနိုင်ငံများအား တညီတညွတ်တည်း ဆန့်ကျင်မဟာမိတ်ဖွဲ့ကြသော ကမ္ဘာစစ်ကြီးအတွင်းနှင့် စစ်ကြီးအပြီးတွင် စစ်ပြီးခေတ် ကမ္ဘာ့စနစ်ချမှတ်ရေး၌ ဆိုဗီယက်ပြည်ထောင်စု၊ အမေရိကန်၊ ဗြိတိန်နှင့် ပြင်သစ်တို့ သဘောထားချင်းမတူညီကြ။ ထို့ကြောင့် စစ်ကြီးအပြီးတွင် ဥရောပကို ခွဲဝေသိမ်းယူကြခြင်း ဖြစ်သည်။

ဆိုဗီယက်ပြည်ထောင်စုက အရှေ့အုပ်စုဖွဲ့သည်။ ဝါဆောစာချုပ်အဖွဲ့ (၁၉၅၅-၁၉၉၁)ကို ဖွဲ့သည်။ အလားတူ အမေရိကန်နှင့် အနောက် အုပ်စုက နေတိုးစာချုပ်အဖွဲ့ကို ဖွဲ့ခဲ့သည်။

ဘက်မလိုက်

ကမ္ဘာတစ်ဝန်းတွင် အရှေ့အုပ်စုနှင့် အနောက်အုပ်စု အပြိုင်စည်းရုံးလာကြသည်။ ထိုအတောအတွင်း ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ပေါ်ပေါက်လာသည်။

စစ်အေးတိုက်ပွဲကာလတွင် အတန်အသင့်တည်ငြိမ်မှုများရှိသလို နိုင်ငံတကာ တင်းမာမှုများလည်းရှိသည်။ ဘာလင်ပိတ်ဆို့မှု(၁၉၄၈-၁၉၄၉)၊ ကိုရီးယားစစ်ပွဲ(၁၉၅၀-၁၉၅၃)၊ ဘာလင်အကျပ်အတည်း(၁၉၆၁)၊ ဗီယက်နမ်စစ်ပွဲ(၁၉၅၉-၁၉၇၅)၊ ကျူးဘား ဒုံးပျံအကျပ်အတည်း(၁၉၆၂)၊ အာဖဂန်နစ္စတန်နိုင်ငံတွင် ဆိုဗီယက်ဆင်နွှဲသည့်စစ်ပွဲ (၁၉၇၉-၁၉၈၉)၊ နေတိုးစစ်ရေးလေ့ကျင့်မှု(၁၉၈၃ခုနှစ် နိုဝင်ဘာ)တို့သည် တင်းမာသည့်အခြေအနေများဖြစ်သည်။ နိုင်ငံရေးတင်းမာမှုလျှော့ချရန် စစ်ရေးတိုက်ရိုက် တိုက်ခိုက်မှုရှောင်ရန် နှစ်ဖက်စလုံးက တင်းမာမှုလျော့ပါးရေးကို ကြိုးပမ်းကြသည်။ ယင်းမှာ နျူကလီးယားလက်နက်များဖြင့် ဖျက်ဆီးမှုမပြုရေး အပြန်အလှန် အာမခံမှုကို ပြသသည့် လက္ခဏာ ဖြစ်သည်။

ဖိအားပေးခဲ့

၁၉၈၀ပြည့်လွန်နှစ်များတွင် ဆိုဗီယက်ပြည်ထောင်စုအပေါ် အမေရိကန်၏ သံတမန်ရေး၊ စစ်ရေးနှင့် စီးပွားရေး ဖိအားပေးမှု ပိုများလာသည်။ ဆိုဗီယက် ပြည်ထောင်စုမှာလည်း စီးပွားရေး ဆုတ်ယုတ်လာသည်။ ဆိုဗီယက်နောက်ဆုံး ခေါင်းဆောင် ဂေါ်ဘာချော့ဗ်က ၁၉၈၅ခုနှစ်တွင် ဂလပ်စနော့(ပွင့်လင်းမှု)နှင့် ၁၉၈၇ခုနှစ်တွင် ပယ်ရယ်စထရွိက်ကာ (ပြန်လည်တည်ဆောက်ရေး) ပြုပြင်ပြောင်းလဲမှုများ ချမှတ်သည်။ သို့ဖြင့် ဆိုဗီယက်ပြည်ထောင်စုကြီး ၁၉၉၁ခုနှစ်တွင် ပြိုကွဲသွားသည်။ အမေရိကန်နိုင်ငံသည် ကမ္ဘာ့တစ်ခုတည်းသော မဟာအင်အားကြီးနိုင်ငံအဖြစ် ရောက်ရှိသည်။ ၁၉၄၅ခုနှစ်က စတင်ခဲ့သည့် စစ်အေးတိုက်ပွဲကာလသည်လည်း ၁၉၉၁ခုနှစ်တွင် နိဂုံးချုပ်သွားခဲ့သည်။

မျက်မှောက်ခေတ် တင်းမာမှုများကို လျှော့ပါးစေရန် စစ်အေးတိုက်ပွဲကာလ အတွေ့အကြုံများက အထောက်အပံ့ဖြစ်ကောင်း ဖြစ်နိုင်ပါမည်လော။ ။

ကိုးကား-အင်တာနက်

ရေနံရောင်းနိုင်ငံများအဖွဲ့ (အိုပက်) ဆိုသည်မှာ ....

နိုင်ငံစုံ ရေနံကုမ္ပဏီကြီးများအုပ်စိုးထိန်းချုပ်သည့် ရေနံဈေးကွက်တွင် ဝင်ဆံ့ရန် ရေနံရောင်းနိုင်ငံများက ၁၉၆၀ပြည့်နှစ်တွင် ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)ကို ဖွဲ့စည်းလိုက်သည်။ စတင်ဖွဲ့စည်းစဉ်က အီရန်၊ အီရတ်၊ ကူဝိတ်၊ ဆော်ဒီအာရေဗျနှင့် ဗင်နီဇွဲလားနိုင်ငံတို့ဖြင့် ဖွဲ့စည်းခြင်းဖြစ်သည်။

နောက်ပိုင်းတွင် ကာတာ၊ အင်ဒိုနီးရှား၊ လစ်ဗျား၊ အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး)၊ အယ်ဂျီးရီးယား၊ နိုင်ဂျီးရီးယား၊ အီကွေဒေါ၊ အင်ဂိုလာနှင့် ဂါဘွန်နိုင်ငံတို့ အဖွဲ့ဝင်ဖြစ်လာသည်။ ၁၉၆၅ခုနှစ်ကတည်း အိုပက်ဌာနချုပ်(အပေါ်ပုံ)**ကို ဗီယင်နာမြို့တွင် ထားရှိသည်။**

ထုတ်လုပ်ပေး

လောလောဆယ်တွင် အိုပက်အဖွဲ့ဝင်နိုင်ငံများက ကမ္ဘာ့ရေနံစိမ်း၏ ၄၅ရာခိုင်နှုန်းနှင့် သဘာဝဓာတ်ငွေ့ ၁၈ရာခိုင်နှုန်းကို ထုတ်လုပ်ပေးသည်။ အဖွဲ့ဝင်နိုင်ငံများက ပြည်တွင်းရေနံလုပ်ငန်းကို ပိုမိုထိန်းချုပ်လာသည့်အတွက် ၁၉၇၀ပြည့်လွန်နှစ်များမှစ၍ နိုင်ငံတကာတွင် ထင်ရှားလာသည်။
(အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

အီရတ်မြို့တော်၌ အသေခံဗုံးခွဲမှု အိုဘားမားပြစ်တင်ရှုတ်ချ

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် အောက်တိုဘာ ၂၅ ရက်က လူ၁၃၀ ကျော် သေဆုံးပြီး အခြားလူ ၅၀၀ ခန့်ဒဏ်ရာရရှိခဲ့သည့် အသေခံဗုံးဖောက်ခွဲမှုကို အမေရိကန်သမ္မတအိုဘားမားက ပြင်းပြင်းထန်ထန်ပြစ်တင်ရှုတ်ချလိုက်သည်။ အီရတ်ပြည်သူများအပေါ် ရိုင်းစိုင်းယုတ်မာလှသော ယင်းတိုက်ခိုက်မှုအပေါ် မိမိ ပြင်းပြင်းထန်ထန်ပြစ်တင်ရှုတ်ချကြောင်း ဆက်လက်ဖော်ပြပါရှိသည်။

တရုတ်ပြည် ထုပ်ပိုးစက်ရုံမီးလောင် နှစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရ

တရုတ်ပြည်သူ့သမ္မတနိုင်ငံအရှေ့ပိုင်း စီကျန်ပြည်နယ်တွင် ထုပ်ပိုးစက်ရုံတစ်ရုံ အောက်တိုဘာ ၂၆ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိသွားကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။ *(အောက်ပုံ)*

ဘရာဇီးတောင်ပိုင်း၌ ယာဉ်တိုက်မှုဖြစ်ပွား

ဘရာဇီးနိုင်ငံတောင်ပိုင်း မီနာဂျီရစ်ပြည်နယ်၌ အောက်တိုဘာ ၂၆ ရက် နံနက်စောစောပိုင်းတွင် ဘတ်စ်ကားနှင့် ထရပ်ကားကို ဝင်တိုက်မိရာ ကားပေါ် လိုက်ပါလာသူ ၁၀ ဦးကျော် သေဆုံးပြီး ၂၆ ဦးဒဏ်ရာရရှိသွားကြောင်း ဘရာဇီးရဲတပ်ဖွဲ့က ပြောကြားသည်။

အာဖဂန်၌ ရဟတ်ယာဉ်ချင်းတိုက်မိ အမေရိကန်တပ်ဖွဲ့ဝင် ၁၄ ဦးသေဆုံး

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ အောက်တိုဘာ ၂၆ရက် နံနက်ပိုင်းက ရဟတ်ယာဉ် နှစ်စင်းတိုက်မိရာ အမေရိကန်တပ်ဖွဲ့ဝင် ၁၄ ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာ ရရှိသွားကြောင်း အမေရိကန်စစ်ဘက်ကပြောကြားသည်။

A(H1N1)တုပ်ကွေးရောဂါဖြစ်သူ ဩစတြေးလျတွင် များပြားလာ

ဩစတြေးလျဆေးရုံများတွင် A(H1N1)တုပ်ကွေးရောဂါဖြစ်ပွားသူ များပြားလာကြောင်း သုံးလအတွင်းတွင် ဆေးရုံတင်ကုသရသည့် အဆိုပါ A(H1N1) တုပ်ကွေးရောဂါသည်များမှာ သုံးလအတွင်း ၂၃၇၈ဦးအထိ များပြားလာကြောင်း ဩစတြေးလျဆေးဂျာနယ်(အမ်ဂျေအေ)တွင် ဖော်ပြထားသည်။

ပါကစ္စတန်စစ်ရဟတ်ယာဉ်ပစ်ချမှု တာလီဘန်တို့ပြောကြားချက် အစိုးရငြင်းဆို

အာဖဂန်နစ္စတန်နယ်စပ်အနီး ပါကစ္စတန်လူမျိုးစုများ နေထိုင်ရာဒေသတွင် ပါကစ္စတန်စစ်ရဟတ်ယာဉ်တစ်စင်းကို ပစ်ချခဲ့ခြင်းမှာ မိမိတို့လက်ချက်ဖြစ်ကြောင်း တာလီဘန်လိုလားသူများက ပြောကြားခဲ့သည်။ ယင်းသတင်းသည် မမှန်ကန်ကြောင်း ပါကစ္စတန်နိုင်ငံအစိုးရက ငြင်းဆိုသည်။

တူရကီ၌ A(H1N1) စတင်ဖြစ်ပွား စာသင်ကျောင်းများ ပိတ်ထားရန်အမိန့်ပေး

တူရကီနိုင်ငံတွင် ပထမဦးဆုံးအကြိမ် A(H1N1) တုပ်ကွေးရောဂါ စတင်ဖြစ်ပွားနေပြီဖြစ်ကြောင်း တူရကီကျန်းမာရေးအရာရှိများက ကြေညာလိုက်ပြီး အန်ကာရာမြို့ရှိ စာသင်ကျောင်းများ(အောက်ပုံ)***အားလုံးကိုပိတ်ထားရန် အန်ကာရာ အုပ်ချုပ်ရေးမှူးက အမိန့်ပေးထားသည်။***

အမေရိကန်နှင့် ဆက်ဆံရေးတိုးတက်ရန် ကျူးဘားပြုပြင်ပြောင်းလဲမှုလိုအပ်ဟုဆို

ကျူးဘားနိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လိုပါက ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို တစ်ဆင့်ပြီးတစ်ဆင့် ပြုလုပ်သွားရလိမ့်မည်ဟု ဖော်ပြထားသော အကြောင်းကြားစာကို ကျူးဘားနိုင်ငံသို့ ပေးပို့ရန် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက စပိန်နိုင်ငံအား မေတ္တာရပ်ခံထားသည်ဟု ဆိုသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများ၏ အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အောက်တိုဘာ ၂၃ရက် ညဂနာရီတွင် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ရှိ Dusit Thani Hotel ရှိ Napalai Ballroom (A) ၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၏ အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်သည်။

တက်ရောက်

အဆိုပါ ညစာစားပွဲသို့ ဘရူနိုင်းဒါရုဆလမ်နိုင်ငံဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာလ် ဘိုလ်ကီးယားမူအစ်ဇာဒင် ဝါဒိုလာ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် ဟွန်ဆင်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်း၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အပီဆစ်ဗဲ့ချာချီဝ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ် ဆူဝမ်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ယင်းအလုပ်သဘော ညစာစားပွဲတွင် အာဆီယံအတွင်းရေးမှူးချုပ်က အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၏ လုပ်ငန်းတာဝန်များဆောင်ရွက်နေမှု၊ ဝန်ထမ်းသစ်များခန့်ထားမှုနှင့် အတွင်းရေးမှူးချုပ်၏ နှစ်ပတ်လည်အစီရင်ခံစာတို့ကို တင်ပြရာ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများက အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေး

ထို့နောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများက ရေကြောင်း၊ လေကြောင်း၊ ကုန်းကြောင်းများတွင် သတင်းဆက်သွယ်မှု တိုးမြှင့်ဆောင်ရွက်ရေး၊ သဘာဝဘေးအန္တရာယ်ကို ထိရောက်စွာ တုံ့ပြန်နိုင်ရန် ကြိုတင်စီမံမှုများ ဆောင်ရွက်ထားရေး၊ အကြမ်းဖက်မှု ကာကွယ်တားဆီးတိုက်ဖျက်ရေးနှင့် ပုဂ္ဂလိကအခန်းကဏ္ဍများပါဝင်ရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့်အတူ အလုပ်သဘော ညစာစားပွဲကို အတူတကွ သုံးဆောင်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၂၇-၁၀-၂၀၀၉ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**ပဋ္ဌိစ္စသမုပ္ပာဒ်အင်္ဂါ (၁၂)ပါး** တရားတော် (ဆရာတော် ဘဒ္ဒန္တနာရဒ)
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၂)
၈:၃၀	Sports World (World of Gymnastic)
၈:၅၅	Activities in the City [စွယ်တော်မြတ် စေတီတော် (ရန်ကုန်)၏ ဗုဒ္ဓပူဇနိယပွဲတော် ကြိုတင်ပြင်ဆင်မှုများ]
၉:၀၀	နလုံးသားနှင့် အတူ လမ်းဟောင်းလေးအတိုင်း အတူလျှောက်လှမ်းစို့
၉:၂၀	Sunday Talk
၁၀:၁၀	ဒါနဝေဆာ၊ ပီတိဝေဖြာမြတ်သော အလှူတော်မင်္ဂလာ
၁၀:၃၀	စားသုံးသူတို့ လိုအပ်ချက် ရေတာရှည်သကြားစက်
၁၀:၅၅	Cartoon Show Time (ICE AGE 3: Down of The Dinosaurs)
၁၁:၃၀	ခံစားချက်တို့ ပေါင်းစုံရာ… ငပလီကမ်းခြေသာ
၁၁:၅၀	ကွမ်းစားခြင်းနှင့် ခံတွင်းရောဂါ အန္တရာယ်(ပါမောက္ခဦးမြသော်)
၁၂:၀၀	မန္တလာမြေမှ Diamond Plaza
၁၂:၁၅	မျိုးဂုဏ်မြင့်စေမည့် မြန်မာ့ပန်း ယွန်းပညာ
၁၂:၃၀	ကြယ်စင်မော်ကွန်းနှင့်စပ်လျဉ်း၍
၁:၀၀	**ပဋ္ဌိစ္စသမုပ္ပာဒ်အင်္ဂါ (၁၂)ပါး** တရားတော် (ဆရာတော် ဘဒ္ဒန္တနာရဒ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	Fashion Music Festival (Yuzana Bridal Show-1)
၃:၄၀	Activities in the City [စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၏ ဗုဒ္ဓပူဇနိယပွဲတော် ကြိုတင်ပြင်ဆင်မှုများ]
၃:၅၀	တေးဂီတအစီအစဉ်
၄:၀၅	Shooting Location (ဆရာမအိမ်)
၄:၂၅	ဒါနဝေဆာ၊ ပီတိဝေဖြာ မြတ်သောအလှူတော်မင်္ဂလာ
၄:၄၅	နှလုံးသားနှင့်အတူ လမ်းဟောင်းလေးအတိုင်း အတူလျှောက်လှမ်းစို့
၅:၁၅	World of Knowledge (Crash-A Tale of Two Species)
၆:၀၀	MRTV-4 သတင်း
၆:၂၀	Celebrity Style (မေစံပယ်ညို)
၆:၄၅	သင်ကြားရေးလမ်းညွှန် (SSE School of System Engineering)
၇:၀၅	Fashion Music Festival (Yuzana Bridal Show-1)
၇:၅၀	မန္တလာမြေမှ Diamond Plaza
၈:၀၀	MRTV-4 သတင်း
၈:၃၀	Cartoon Show Time (ICE AGE 3: Down of The Dinosaurs)
၉:၁၀	Celebrity Style (မေစံပယ်ညို)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **သဲလွန်စများ** (အပိုင်း-၂)
၁၀:၀၀	ကဏ္ဍာစုံလင် အားကစားအစီအစဉ်
၁၁:၄၅	ကြယ်စင်မော်ကွန်းနှင့်စပ်လျဉ်း၍
၁၂:၁၀	အဆင့်မီ ရော်ဘာဖူးဆက် ပျိုးပင်ရရှိရေး
၁၂:၂၅	**ဆီးချိုသွေးချို ကာကွယ်ပါ** အကယ်ဒမီ ထွန်းထွန်းဝင်း၊ မိုးဒီ၊ ဖြိုးငွေစိုး၊ ကောင်းခန့်၊ မျိုးစန္ဒီကျော်၊ ရတနာမိုင်၊ ဝင့်နန္ဒာဖြိုး (ဒါရိုက်တာ-တင်အောင်ရွှေ၊ သုတေသီ)
၁၂:၄၅	Shooting Location (ဆရာမအိမ်)
၁:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သစ်ပင်စိုက်ပွဲတော် ကနီမြို့နယ်၌ ကျင်းပ

ကနီ အောက်တိုဘာ ၂၆

ကနီမြို့နယ် အညာတမာ လွမ်းရမည် သစ်ပင်စိုက်ပွဲတော်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်သစ်တောဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် အောက်တိုဘာ ၁၀ရက် နံနက် ၈နာရီက မုံရွာ-ယာကြီး-ကလေးဝကားလမ်း မိုင်တိုင်အမှတ် ၁၂/၀ မှ ၁၂/၃ လမ်းဘေးဝဲယာ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးကပ်ကျော်နှင့်အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနတောအုပ်ကြီး ဦးမြအောင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများက တမာပျိုးပင် ၆၅၀၀ကို စုပေါင်းစိုက်ပျိုးကြသည်။

(မြို့နယ် ပြန်/ဆက်)

ထူးချွန်တဲ့ကလေးတွေ အများကြီးတွေ့ရတယ် ဦးမင်းနောင်

အကအခြေခံ အမှားမရှိအောင် ပြိုင်နိုင်ကြတယ် စိန်ပိုးတီ

တွေ့/မေး/ရေး - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)၊ စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

နေပြည်တော် အောက်တိုဘာ ၂၆

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကား နေပြည်တော်၌ နဝမမြောက်နေ့အဖြစ် ဆက်လက်ကျင်းပနေဆဲ ….။

မြန်မာ့အလင်းသတင်းအဖွဲ့သည် ပြိုင်ပွဲခန်းမအသီးသီးသို့ သွားရောက်ကာ ပြည်နယ်နှင့် တိုင်းအသီးသီးမှ ပြိုင်ပွဲဝင်နေကြသူများအား အကဲဖြတ်အမှတ်ပေးနေကြသော အနုပညာရှင်ကြီးများနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ-

ဦးမင်းနောင် (အဆို အကဲဖြတ်အဖွဲ့ခေါင်းဆောင်)

မေး။ ။ အဆို အကဲဖြတ်တာဝန်ယူခဲ့တာ အကြိမ်ဘယ်လောက် ရှိပြီလဲ ဘဘ။

ဖြေ။ ။ ပြိုင်ပွဲကြီး စတင် ကျင်းပကတည်းက အမြဲပါဝင်ခဲ့တာပါ။

မေး။ ။ အဘ အသက် ဘယ်လောက်ရှိပြီလဲ သိပါရစေ။

ဖြေ။ ။ ၇၉နှစ်။

မေး။ ။ ဒီနှစ် ပြိုင်ပွဲဝင်တွေရဲ့ အနေအထား အားရမှုရှိရဲ့လား။

ဖြေ။ ။ ပါရမီရှိပြီး ထူးချွန်တဲ့ ကလေးတွေ အများကြီးတွေ့ရတယ်။

မေး။ ။ ပြိုင်ပွဲ ဘယ်အဆင့်တွေက တိုးတက်မှုအရှိဆုံးလဲ ပြောပြပါဦး ဘဘ။

ဖြေ။ ။ အခြေခံ (၅-၁၀) တွေရဲ့ ပြိုင်ပွဲဝင်မှု ကျေနပ်အားရသလို ကျန်တဲ့ပြိုင်ပွဲဝင်တွေလည်း တိုးတက်ကြတာတွေ့ရပါတယ်။

မေး။ ။ ပြိုင်ပွဲကြီးကျင်းပမှုအပေါ် ဘဘရဲ့အမြင်လည်း ပြောပြပေးပါဦး။

ဖြေ။ ။ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို ထိုက်ထိုက်တန်တန် ချီးမြှောက် မြှင့်တင်ပေးမှုလို့ မြင်ပါတယ်။

ဖြေ။ ။ ပြိုင်ပွဲကနေပြီး ရွှေတံဆိပ်ရရှိသွားတဲ့ ကလေးတွေ ထွန်းထွန်းပေါက်ပေါက် ဆက်ဖြစ်စေချင်ပါတယ်။ ထိုက်ထိုက်တန်တန်နဲ့ အနုပညာ အရည်အချင်း အဆက်မပြတ် တိုးတက်နေစေချင်ပါတယ်။ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းက တာဝန်ရှိတဲ့သူတွေ ဝိုင်းဝန်းပံ့ပိုးပေးကြပါလို့ အကြံပြုလိုပါတယ်။

မေး။ ။ ဘဘ သီချင်းဆိုနေတုန်းပဲလား။

ဖြေ။ ။ ဂီတနဲ့ အဆက်ပြတ်တဲ့အချိန် မရှိခဲ့ပါဘူး၊ မကြာခင်မှာ အလင်္ကာဝတ်ရည် မြန်မာမှုတူရိယာအဖွဲ့နဲ့ သီချင်းခွေထုတ်ဦးမှာပါ။

စိန်ပိုးတီ (အက အကဲဖြတ်ပညာရှင်)

မေး။ ။ အက အကဲဖြတ်ပညာရှင်အဖြစ် တာဝန်ယူခဲ့တာ ကြာပြီလား သိပါရစေ။

ဖြေ။ ။ (၁၇)ကြိမ်ရှိပါပြီ။ ပြိုင်ပွဲကြီး စတင်ကျင်းပတဲ့ ပထမဆုံးအကြိမ်ကတည်းကပါပဲ။

မေး။ ။ အကပြိုင်ပွဲဝင်တွေရဲ့ အခြေအနေကို ဆရာမကြီး ပြောပြပေးပါဦး။

ဖြေ။ ။ ပြည်နယ်နှင့်တိုင်းအသီးသီးမှာ အကသင်ပြပေးတဲ့ ဆရာ ဆရာမတွေရဲ့ သင်ပြပေးမှုကြောင့် အခြေခံကအစ အမှားမရှိအောင် ပြိုင်ပွဲဝင်နိုင်ကြတာတွေ့ရတယ်။ အက ပြိုင်မှုအဆင့်တိုင်းမှာ အရည်အချင်းတူညီမှုတွေ အများကြီးရှိလာပါတယ်။

မေး။ ။ ဆရာမကြီးအသက်နဲ့ လက်ရှိ အနုပညာတာဝန်ယူနေမှုကိုလည်း ပြောပြပေးပါဦး။

ဖြေ။ ။ အသက် ၆၀၊ လက်ရှိတာဝန်က မန္တလေးပန်တျာကျောင်းမှာ အကြံပေးအဖြစ် တာဝန်ထမ်းဆောင်နေပါတယ်။

ဦးမောင်မောင်ကြီး (အဆို အကဲဖြတ်ပညာရှင်)



မေး။ ။ ဘဘရဲ့အသက် ပြောပြပေးပါဦး။

ဖြေ။ ။ ၇၉ နှစ်။

မေး။ ။ ဒီနှစ်ပြိုင်ပွဲဝင်တွေကို အကဲဖြတ်အမှတ်ပေးရတာ အဆင်ပြေမှုရှိလား ဆိုတာလည်း သိပါရစေ။

ဖြေ။ ။ အပြိုင်အဆိုင် ကြိုးစားကြတဲ့ အပြင် အရည်အချင်းတွေလည်း မကွာကြလို့ ဆုံးဖြတ်အမှတ်ပေးရတာ အတော်လည်း စဉ်းစားရတယ်။

မေး။ ။ ပြိုင်ပွဲဝင်တွေနဲ့ ပတ်သက်ပြီး အကြံပြုစကားလေး ပြောပြပေးပါဦး။

ဦးမောင်မောင်လတ် (အရေး အကဲဖြတ်အဖွဲ့ခေါင်းဆောင်)

မေး။ ။ ဘဘအသက်နဲ့ အနုပညာတာဝန်ထမ်းဆောင်မှုကို ပြောပြပေးပါဦး။

ဖြေ။ ။ အသက် ၇၇နှစ်ရှိပါပြီ။ လက်ရှိမှာ မြန်မာနိုင်ငံဂီတအစည်းအရုံး ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင်ရွက်နေပါတယ်။

မေး။ ။ ဒီနှစ်ပြိုင်ပွဲကြီးမှာ အရေးပြိုင်ပွဲဝင်တွေအပေါ် ဘဘရဲ့ အမြင်လေး သိပါရစေ။

ဖြေ။ ။ သံစဉ်တေးသွား ရေးဖွဲ့မှုအပေါ် အဆင့်မီလာတာတွေ့ရတယ်။ အဖွဲ့အနွဲ့နဲ့စကားလုံးဝေါဟာရ ဆန်းသစ်မှုတွေက အားရကျေနပ်စရာပါ။

မေး။ ။ ပြိုင်ပွဲဝင်တွေကို အကြံပြုချက် ပြောကြားပါဦး။

ဖြေ။ ။ ပြိုင်ပွဲပြီးသွားတာနဲ့ တေးရေးလေ့ကျင့်မှုကို ပစ်မထားကြပါနဲ့။ ပြည်နယ်နှင့်တိုင်း အကဲဖြတ်ပညာရှင်တွေကလည်း ဝိုင်းဝန်းစည်းရုံးပြီး ဆက်လက် မြေတောင်မြှောက်ပေးဖို့လိုပါတယ်။ ဒါဆိုရင် တိုးတက်ရှင်သန်မှု အမြဲရှိနေမယ်လို့ အကြံပြုလိုပါတယ်။

စောင်းဦးသိန်းဟန်ကြီး (စောင်းတီး အကဲဖြတ်ပညာရှင်)

မေး။ ။ စောင်းတီး အကဲဖြတ်ပညာရှင်အဖြစ် တာဝန်ယူခဲ့မှု အကြိမ် ဘယ်လောက်ရှိပြီလဲ သိပါရစေ။

ဖြေ။ ။ (၁၇)ကြိမ် ရှိပြီ။ ပြိုင်ပွဲကြီး ကျင်းပတိုင်း မပျက်မကွက် အကဲဖြတ် အမှတ်ပေးခဲ့တာပါ။

မေး။ ။ ဒီနှစ်ပြိုင်ပွဲမှာ အားရကျေနပ်မှု အရှိဆုံး ပြိုင်ပွဲဝင်တွေကို ပြောပြပေးပါဦး။

ဖြေ။ ။ အားလုံးကျေနပ်မှုရအောင် ပြိုင်ပွဲဝင်နိုင်ကြပါတယ်။ အထူးသဖြင့် အခြေခံ (၅-၁၀)၊ ဝါသနာရှင် ပထမတန်းနဲ့ ဒုတိယတန်း ပြိုင်ပွဲဝင်တွေကို အားရပါတယ်။

မေး။ ။ စောင်းတီးပြိုင်ပွဲဝင်သူတွေ အဓိကသတိပြုရမယ့် အချက်ရှိရင် ရှင်းပြပေးပါဦး ဘဘ။

ဖြေ။ ။ စောင်းတီးနည်းစနစ် မှန်ကန်ဖို့နဲ့ လက်ကျလက်န ကောင်းအောင် တီးခတ်နိုင်ဖို့ သတိပြုရမှာ ဖြစ်ပါတယ်။

မေး။ ။ ဘဘ အသက်နဲ့ လက်ရှိအနုပညာဆောင်ရွက်မှု အနေအထားသိပါရစေ။

ဖြေ။ ။ အသက် ၇၂နှစ်ရှိပြီ။ လက်ရှိအချိန်မှာ လူငယ်တွေကို စောင်းတီး စနစ်တကျ တတ်ကျွမ်းစေဖို့ သင်ကြားပြသပေးနေပါတယ်။

ဟု အနုပညာရှင်ကြီးများက မြန်မာ့အလင်းသို့ ဖြေကြားသွားခဲ့ကြပါကြောင်း။ ။

(မြန်မာ့အလင်း)

သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့နံနက် ၇နာရီခွဲက ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းတို့က ကြီးမှူးကျင်းပသော သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းတို့မှ တာဝန်ရှိသူများ၊ မျိုးဆက်သစ်အင်ဂျင်နီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းတို့မှ တာဝန်ရှိသူများက မြန်မာနိုင်ငံ၌ သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အသိပညာပေး

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဘဝသစ်နယ်လှည့်အသိပညာပေးအဖွဲ့ မော်တော်ယာဉ်ဖြင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး အစီအစဉ်များကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပုသိမ်မြို့ အထက(၆)အာစရိယပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၆

အမှတ်(၆)အထက ပုသိမ်မြို့ ယခင် St: Joseph's Convent (R.C.M)၏ ကျောင်းစတင်တည်ထောင်သည့်နှစ်မှ ၁၉၉၀ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကြီးကို လာမည့်ဒီဇင်ဘာ ၂၇ရက်တွင် ပုသိမ်မြို့ အမှတ်(၆)အထက ကျောင်းခန်းမ၌ ကျင်းပရန် စီစဉ်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေများကို ဦးမောင်မောင် ဖုန်း- ၀၉-၅၀၁-၁၆၅၅၊ ဦးမြင့်နိုင်(ခ)ဦးဘွန်စိန် ဖုန်း ၀၉-၅၁၂-၃၄၁၁၊ ဒေါ်အုန်းမြင့်(ခ) ဒေါ်ပေ့ါပေ့ါ ဖုန်း-၀၉-၅၀၁-၄၁၆၆၊ ဦးလှဝင်း ဖုန်း-၀၉-၅၁၄-၇၂၇၄နှင့် ဦးစိုင်းဇော်ဇော် (ဇော်ပစ်တိုင်းထောင်ဗီဒီယို) ဖုန်း-၀၉-၅၁၂-၉၂၄၄၊ ၀၁-၃၈၇၆၅၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကျေးရွာပိုင်စိုက်ခင်း ၁၄ဧက လွှဲပြောင်းပေးအပ်ပွဲ ရွှေတောင်မြို့နယ်တွင် ကျင်းပ

ရွှေတောင် အောက်တိုဘာ ၂၆

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် သစ်တောဦးစီးဌာနသို့ ကျေးလက်အိမ်ရာတည်ထောင်ရေးစီမံချက် ကျေးရွာအုပ်စု ၁၄အုပ်စု၊ ကျေးရွာ ၁၄ ရွာသို့ ကျေးရွာပိုင်စိုက်ခင်း ၁၄ဧက လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို အောက်တိုဘာ ၁၅ရက် နံနက် ၁၀နာရီက ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှင်းလင်းပြောကြား

အဆိုပါ အခမ်းအနား၌ သစ်တောဦးစီးဌာန ပြည်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်က ကျေးလက်အိမ်ရာတည်ထောင်ရေး စီမံချက်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သစ်တောဦးစီးဌာန ပြည်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်း (ဝဲပုံ)၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် သစ်တောဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဖိုးချိုတို့က ကျေးရွာအုပ်စု ၁၄ အုပ်စုရှိ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများသို့ ကျေးရွာပိုင်စိုက်ခင်း လွှဲပြောင်းလက်ခံခြင်း စာချုပ်မှတ်တမ်းများ ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲ

ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးသုံးခု မြန်မာအဖွဲ့ရရှိ

ရန်ကုန် အောက်တိုဘာ ၂၆

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ အောက်တိုဘာ ၁၉ရက်မှ ၂၅ရက်အထိ ကျင်းပခဲ့သော (၅)ကြိမ်မြောက် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည် မြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်သုံးခု ဆွတ်ခူးရရှိခဲ့သည့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ) ဦးဆောင်သည့် အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့သည် ယမန်နေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်က ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနော်တောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ အမှုဆောင်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (အောက်ပုံ)

မြန်မာမြားပစ်အဖွဲ့ချုပ်သည် ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးသုံးခုဖြင့် ဆုတံဆိပ်ခြောက်ခု ဆွတ်ခူးရရှိပြီး နိုင်ငံအလိုက် အဆင့်(၂)နေရာတွင် ရပ်တည်နိုင်ခဲ့သည်။ ရွှေတံဆိပ်နှစ်ခုကို အောင်ငိုမ်း၊ လှလှစံနှင့် ခင်လေးနုတို့ပါဝင်သော အမျိုးသမီး Compound အသင်းကတစ်ခု၊ အောင်ငိုမ်းက အမျိုးသမီး Compound တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲမှ တစ်ခုတို့ ရရှိခဲ့ခြင်းဖြစ်သည်။ ငွေတစ်ခုကို ရဲမင်းဆွေက အမျိုးသား Compound တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲမှ ရယူပေးခဲ့ပြီး ကြေးသုံးခုကို လှလှစံက အမျိုးသမီး Compound တစ်ဦးချင်းရှုံးထွက်ပြိုင်ပွဲမှတစ်ခု၊ ရဲမင်းဆွေ၊ ပိုင်မြတ်သူနှင့် ဖြိုးကိုကိုတင့်ဆန်းတို့ ပါဝင်သော အမျိုးသားCompound အသင်းက တစ်ခုနှင့် ဇော်ဝင်းထိုက်၊ နေမျိုးအောင်၊ ရန်အောင်စိုးတို့ပါဝင်သော အမျိုးသား Recurve အသင်းက တစ်ခုတို့ရရှိခဲ့ခြင်းဖြစ်သည်။

ရပ်တည်နိုင်

အဆိုပါ ပြိုင်ပွဲကို ကမ္ဘာ့အဆင့် (၄) နေရာတွင် ရပ်တည်နေသည့် အိန္ဒိယနှင့် ဟန်ဂေရီ၊ အာရှအဆင့်(၄) နေရာတွင် ရပ်တည်နေသည့် အီရန်နှင့်အိမ်ရှင်ဘင်္ဂလားဒေ့ရှ်၊ အာဆီယံထိပ်သီးနိုင်ငံများဖြစ်သည့် မြန်မာ၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ အာရှမှ အီရတ်နှင့် နီပေါ စုစုပေါင်း(၁၀)နိုင်ငံမှCompound အမျိုးသား၁၅ဦး၊ အမျိုးသမီး ၁၁ဦး၊ Recurve အမျိုးသား ၂၇ဦး၊ အမျိုးသမီး ၁၉ဦး စုစုပေါင်း၇၂ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲအပြီး နိုင်ငံအလိုက်ဆုရရှိမှုတွင် အိန္ဒိယက ရွှေခြောက်ခု၊ ငွေနှစ်ခု၊ ကြေးသုံးခုဖြင့် ပထမ၊ မြန်မာက ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးသုံးခုဖြင့် ဒုတိယ၊ အိမ်ရှင်ဘင်္ဂလားဒေ့ရှ်က ငွေလေးခု၊ ကြေးတစ်ခုဖြင့် တတိယ၊ မလေးရှားနှင့် အီရန်တို့က ကြေးတစ်ခုစီရရှိခဲ့ပြီး ကျန်ပြိုင်ပွဲဝင်နိုင်ငံများ ဆုတံဆိပ်ရရှိခြင်းမရှိပေ။ ယင်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရှစ်ခုသာပေးရာ ကမ္ဘာ့ထိပ်သီး အိန္ဒိယက ခြောက်ခုရရှိပြီး မြန်မာကနှစ်ခု ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်

မြန်မာမြားပစ်အဖွဲ့သည် (၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေး အကြိုပြင်ဆင်မှုအနေဖြင့် ယခုပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ကမ္ဘာ့ထိပ်သီးနိုင်ငံများနှင့်ယှဉ်ပြိုင်ခဲ့ရ၍ အတွေ့အကြုံကောင်းများရရှိခဲ့သည်။ ထို့အပြင် အောင်မြင်မှုများရရှိပြီး ပစ်ခတ်ခဲ့သောရမှတ်များမှာလည်း ၂၀၀၇ ဆီးဂိမ်းရမှတ်များထက်သာလွန်ကောင်းမွန်ခဲ့ကြောင်း သိရသည်။ အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး၊ ဒုတိယညွှန်ကြားရေးမှူး၊ အားကစားနှင့် ကာယပညာသိပ္ပံ၊ အောင်မြင်မှုရရှိရေး လိုက်ပါ ကူညီပံ့ပိုးသူအဖြစ် ဦးဖြိုးကိုကိုတင့်ဆန်း(အမှုဆောင်အဖွဲ့ချုပ်)၊ အုပ်ချုပ်သူအဖြစ် ဦးသန်းကြိုင်(တွဲဖက်အတွင်းရေးမှူး၊ အဖွဲ့ချုပ်) နည်းပြများအဖြစ် ဦးအောင်နိုင်ဦး (ပြည်ထဲရေး)နှင့်ဒေါ်အေးသီတာ(အားကစားဝန်ကြီးဌာန)၊ အားကစားသမားများအဖြစ် Compound အမျိုးသား-ရဲမင်းဆွေ (အားကစားဝန်ကြီး ဌာန)၊ ပိုင်မြတ်သူ(အဖွဲ့ချုပ်လက်ရွေးစင်)၊ ပြည့်ဖြိုးအောင် (အဖွဲ့ချုပ်လက်ရွေးစင်)၊ ဖြိုးကိုကိုတင့်ဆန်း(အဖွဲ့ချုပ်လက်ရွေးစင်)၊အမျိုးသမီး-အောင်ငိုမ်း(အားကစားဝန်ကြီးဌာန)၊ လှလှစံ(အဖွဲ့ချုပ်လက်ရွေးစင်)၊ ခင်လေးနု(အဖွဲ့ချုပ် လက်ရွေးစင်)၊ Recurve အမျိုးသား-ဇော်ဝင်းထိုက် (အားကစားဝန်ကြီးဌာန)၊ နေမျိုးအောင် (အဖွဲ့ချုပ်လက်ရွေးစင်)၊ရန်အောင်စိုး (ရန်ကုန်မြို့တော်စည်ပင်)နှင့် အမျိုးသမီး-သင်းသင်းခိုင်(ပြည်ထဲရေး)တို့ ပါဝင်ကြသည်။ **(မြန်မာ့အလင်း)**

အရောင်းကိုယ်စားလှယ်ကြီးများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်မြို့ Sedona Hotel ၌ အောက်တိုဘာ ၂၂ ရက်က ကျင်းပသော INAX(၄) နှစ်ပြည့်မွေးနေ့နှင့် အရောင်းကိုယ်စားလှယ်ကြီးများအား ဂုဏ်ပြုပွဲ အခမ်းအနားတွင် ဂျပန်နိုင်ငံ INAXဘက်မှ Area Manager Mr. Sakai က အာရှပစိဖိတ် ဒေသတစ်လျှောက်၌ ရှိသော American Standard ရှယ်ယာများကို INAX မှ ဝယ်ယူလိုက်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားတွင် TMW Enterprise Ltd.မှ Director ဒေါ်ဝေသစ်လွင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။**(အပေါ်ပုံ)** ယင်းနောက် Vietnam INAX ဘက်မှ Sale Director, Mr. Morita နှင့် Japan INAX ဘက်မှ Area Manager Mr. Sakai တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

တက်ရောက်

ယင်းအခမ်းအနားသို့ American Standard ဘက်မှ တာဝန်ခံပုဂ္ဂိုလ် Mr. Thongchi တက်ရောက်သည်။

ဆင်နွှဲ

အခမ်းအနားတွင် အရောင်းကိုယ်စားလှယ်ကြီးများ၏ ဧပြီလမှစက်တင်ဘာလအထိဝယ်ယူအားပေးခဲ့သော ပမာဏအပေါ်မူတည်၍ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။ အရောင်းကိုယ်စားလှယ်ကြီးများနှင့်အတူ Zypher တီးဝိုင်း၊ Dream Boat Game Master တို့မှလည်း ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

တက်ရောက်

အဆိုပါ (၁၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်ဘုဖာဝမ်း၊ စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လွန်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာအပီဆစ်ဝဲ့ချာချီဝ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံပါလီမန်အမတ်များ၊ ညီလာခံကိုယ်စားလှယ်များ၊ အာဆီယံလူငယ်ကိုယ်စားလှယ်များ၊ အာဆီယံလူမှုအဖွဲ့အစည်းကိုယ်စားလှယ်များ၊ အာဆီယံစီးပွားရေး အကြံပေးကောင်စီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါထိပ်သီးအစည်းအဝေးမစတင်မီ နိုင်ငံတော်ဝန်ကြီးချုပ်အပါအဝင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် နံနက် ၈နာရီခွဲမှ စတင်၍ (၁၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကျင်းပမည့် Royal Dusit Grand Ballroom သို့ ရောက်ရှိလာကြရာ အိမ်ရှင်ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အပီဆစ်ဝဲ့ချာချီဝက ကြိုဆိုနှုတ်ဆက်သည်။

ရှေးဦးစွာ "The ASEAN Anthem"သီချင်းကို သံစုံတီးဝိုင်းဖြင့် ဂုဏ်ပြုသီဆိုသည်။

တင်ဆက်ပြသ

ထို့နောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသော ဧည့်ပရိသတ်တို့အား ထိုင်းနိုင်ငံ အနုပညာဦးစီးဌာနမှ ထိုင်းရိုးရာ ရာမဇာတ်တော်အကဖြင့် ကပြတင်ဆက်ပြီး အာဆီယံသမိုင်းကြောင်းကို ဗီဒီယို မှတ်တမ်းဖြင့် တင်ဆက်ပြသသည်။

ယင်းနောက် အာဆီယံအလှည့်ကျဉက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အပီဆစ်ဝဲ့ချာချီဝက (၁၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး အဖွင့်မိန့်ခွန်းပြောကြားရာတွင် အာဆီယံအဖွဲ့၏ ဖြစ်ပေါ်တိုးတက်အောင်မြင်မှုများ၊ ကမ္ဘာ့ဘဏ္ဍာရေးနှင့် စီးပွားရေးအကျပ်အတည်း ဖြေရှင်းဆောင်ရွက်နိုင်ရန် စီမံသင့်သည့်အခြေအနေ၊ လူတုပ်ကွေးရောဂါ တားဆီးထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှု ကာကွယ်ရေး၊ စားနပ်ရိက္ခာလုံခြုံရေးအတွက် အာရှအရေးပေါ် အရန်ထားရှိရေး ရှေ့ပြေးစီမံကိန်းဆောင်ရွက်ချက်များ၊ အရှေ့အာရှ ဒေသ တစ်ခုလုံးလွှမ်းခြုံသည့် လွတ်လပ်သော ကုန်သွယ်မှုနယ်မြေ ထူထောင်ရေး၊ အာဆီယံအသိုက်အဝန်းဖြစ်ပေါ်လာရေးတို့ကို ပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် (၁၅)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာရာ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အပီဆစ်ဝဲ့ချာချီဝ ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

ထို့နောက် အာဆီယံလူငယ်ကိုယ်စားလှယ်များက ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် အကြံပြုချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အာဆီယံ နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့ အကြီးအကဲများက မိမိတို့၏အမြင်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါ အာဆီယံလူငယ်ကိုယ်စားလှယ်များ တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံ စစ်ကိုင်းပညာရေးတက္ကသိုလ်မှ စတုတ္ထနှစ် ကျောင်းသား ကျောင်းသူများ ဖြစ်ကြသော မောင်ကျော်မင်းလတ်နှင့် မဇင်မြတ်မြတ်လွင်တို့ တက်ရောက်ကြသည်။

ကြေညာချက်စာတမ်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ Dusit Thani Hotel ရှိ Napalai Ballroom (A) ၌ ကျင်းပသည့် လူ့အခွင့်အရေးဆိုင်ရာ အစိုးရများအတွင်း ကော်မရှင်တည်ထောင်ခြင်းဆိုင်ရာ ချာအမ်-ဟွာဟင်း ကြေညာချက်စာတမ်း အတည်ပြုခြင်း အခမ်းအနားသို့ တက်ရောက်သည်။

လူ့အခွင့်အရေးကော်မရှင်တည်ထောင်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ Royal Dusit Grand Ballroom ၌ ကျင်းပသည့် အာဆီယံအစိုးရများဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်တည်ထောင်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Kasit Piromya က အာဆီယံ အစိုးရများဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

မိန့်ခွန်းပြောကြား

ယင်းနောက် အာဆီယံအလှည့်ကျ ဉက္ကဋ္ဌ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အပီဆစ်ဝဲ့ချာချီဝက မိန့်ခွန်းပြောကြားသည်။

ထို့နောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ ရှေ့မှောက်တွင် ထိုင်းနိုင်ငံဝန်ကြီးချုပ်က အာဆီယံအစိုးရများဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် အလှည့်ကျဉက္ကဋ္ဌ ထိုင်းနိုင်ငံမှ ကိုယ်စားလှယ် Dr. Sriprapha Petcharamesree (Thailand) အား ချာအမ်-ဟွာဟင်း ကြေညာချက်စာတမ်းကို ပေးအပ်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိ

ယင်းနောက် အာဆီယံနိုင်ငံများမှ နိုင်င
အကြီးအကဲများသည် အာဆီယံအစိုးရများဆိုင်ရ
အဖွဲ့နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ
ရုပ်သိမ်းလိုက်သည်။

တက်ရောက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်၊ အာဆီယံနို
အဖွဲ့ အကြီးအကဲများနှင့် အာဆီယံစီးပွားရေးအ
များသည် မွန်းလွဲ ၁နာရီတွင် Dusit Thani Ho
(B) ၌ အလုပ်သဘော နေ့လယ်စာစားပွဲသို့ တ

ကြည့်ရှုလေ့လာ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည်
အကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ
၌ ခင်းကျင်းပြသထားသည့် အာဆီယံအသိုက်အဝန်
အတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်
ဟွာဟင်းမြို့ရှိ Royal Dusit Grand Ba
(၁၅)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်း
သို့ တက်ရောက်စဉ်။

ရုပ်ပုံလွှာ ရေဆေးပန်းချီပြပွဲ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အာဆီယံ နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အတူ Royal Dusit Grand Hall ၌ ခင်းကျင်းပြသထားသည့် အာဆီယံအသိုက်အဝန်း ရုပ်ပုံလွှာ ရေဆေးပန်းချီပြပွဲ အတွင်း ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ဆွေးနွေးပွဲတက်ရောက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နံနက် ၁၀နာရီခွဲတွင် Dusit Thani Hotel ရှိ Napalai Ballroom(A) Main Building ၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံပါလီမန်အမတ်များ ညီလာခံကိုယ်စားလှယ်များဆွေးနွေးပွဲသို့ တက်ရောက်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာဆူရင်ပစ်ဆူဝမ်နှင့် အာဆီယံပါလီမန်အမတ်များ၊ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အာဆီယံပါလီမန်အမတ်များ ဉက္ကဋ္ဌနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဉက္ကဋ္ဌ Madame Tong Thi Phong က အာဆီယံပါလီမန်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများက မိမိတို့၏အမြင်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် နံနက် ၁၁နာရီတွင် Dusit Thani Hotel ရှိ Napalai Ballroom(A) ၌ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံလူငယ်ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်သည်။

ရှေးဦးစွာ အာဆီယံအတွင်းရေးမှူးချုပ်က အာဆီယံလူငယ်အဖွဲ့၏ ဆောင်ရွက်သင့်သည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံ လူငယ်ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

အာဆီယံလူငယ် တွေ့ဆုံဆွေးနွေးပွဲ

အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံလူငယ်ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ စစ်ကိုင်းပညာရေးတက္ကသိုလ်မှ စတုတ္ထနှစ် ကျောင်းသားကျောင်းသူများ ဖြစ်ကြသော မောင်ကျော်မင်းလတ်နှင့် မဇင်မြတ်မြတ်လွင်တို့ တက်ရောက်ကြစဉ်။

(သတင်းစဉ်)

ကျောက်တန်း မြို့မကျောင်း အာစရိယပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၆

ကျောက်တန်းမြို့ မြို့မကျောင်း ကျောင်းသားဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ၁ရက်တွင် ရွှေသံလွင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ မြို့မ ကျောင်းသားဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်လိုသူများအနေဖြင့် ဦးကြည်သွန်း ဖုန်း-၀၉-၅၁-၆၁၀၀၅၊ ၀၅၆-၂၅၆၄၅၊ ဒေါက်တာကြည်ထူး (ထူးဆေးခန်း) ဖုန်း-၀၅၆-၂၅၀၉၁၊ ဦးမိုးလွင် ဖုန်း-၀၉-၅၁-၈၈၇၂၃၊ ဦးလှထွန်း(စန္ဒာမင်း စာပေ)၊ ၀၅၆-၂၅၀၄၂၊ ဦးမောင်မောင်ဦး ဖုန်း-၀၉-၅၀-၀၇၁၂၈၊ ဒေါ်ဌေးဌေးဦး (ရွှေဘုံသာ မတ်) ဖုန်း-၀၅၆-၂၅၂၇၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၁၅)

တောင်ပိုင်းဒေသမှ
မိုးအနည်းငယ် ဆက်လက်

ရန်ကုန် အောက်တိုဘာ

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတို
လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတို
ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်း၊ ရန်ကုန်တို
နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြ
အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ မှတ်သားဖွယ်
တွင် ၁ဒသမ၂၂လက်မ၊ ကော့သောင်းမြို့တွင်
(မြို့လယ်)နှင့် ပုသိမ်မြို့တို့တွင် ၀ဒသမ၂၇

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများသည် အာဆီယံအစိုးရများဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် အဖွဲ့နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်၊ အာဆီယံနိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီ ခေါင်းဆောင်များသည် မွန်းလွဲ ၁နာရီတွင် Dusit Thani Hotel ရှိ Napalai Ballroom (B) ၌ အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ Royal Dusit Grand Hall ၌ ခင်းကျင်းပြသထားသည့် အာဆီယံအသိုက်အဝန်းရုပ်ပုံလွှာ ရေဆေးပန်းချီပြပွဲအတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

(သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ရှိ Royal Dusit Grand Ballroom ၌ ကျင်းပသည့် (၁၅)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

မှတ်တမ်းတင် ဓာတ်ပုံရိုက်

အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ အာဆီယံ အစိုးရများဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်အဖွဲ့နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၆

၂၀၀၉ခုနှစ် (၂၅)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲကို နေပြည်တော်ရှိ အမှတ်(၁)အားကစားကွင်း၌ ယနေ့ညနေပိုင်းတွင် ကျင်းပရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက တောင်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်မြန်မာသတင်းဂျာနယ် ယခုအပတ်ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၆

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၈၉)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်)Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာ သတင်းဂျာနယ်၌ "မြန်မာမှ အရည်အသွေးပြည့်မီသည့် ပစ္စည်းအားလုံးကို ကိုရီးယား ဝယ်ယူလို၊ ထူးအယ်လင်းနှင့် မီးမီးခဲတို့ သမီးဦးမွေးဖွား၊ မြန်မာ့ ပထမဆုံးပြိုင်ကားမောင်းကွင်း တည်ဆောက်ပြီးစီး၍ ယင်းအတွက် ဂျပန်မှတင်သွင်းသော ပြိုင်ကား ၁၅ စီး စတင်ရောက်ရှိ၊ မြွေဆိပ်ဖြေဆေး အတုများနှင့်ပတ်သက်၍....၊ ကျေးလက်ဆေးခန်းများ၌ နေရောင်ခြည်သုံး ရေခဲသေတ္တာများ အသုံးပြုနိုင်တော့မည်၊ မြန်မာ့ဩဂဲနစ် ရေထွက်ပစ္စည်းများ ပြည်ပသို့ ပထမဆုံးတင်ပို့တော့မည်၊ ကချင်ပြည်နယ်၌ ရေကာတာများတည်ဆောက်ရန် လုပ်သား ၄၀၀၀၀ခန့် ရောက်ရှိနေ၊ မြိတ်ကျွန်းစု၌ အပန်းဖြေစခန်းနှင့် အဆင့်မြင့်ဟိုတယ်များ တည်ဆောက်မည်၊ ခေတ်မီကျောက်မျက်စစ်ဆေးရေး ဓာတ်ခွဲခန်း တည်ထောင်ကာ အာမခံဖြင့် ဆောင်ရွက်မည်၊ ရှေ့လ မြိတ်လေလံပွဲ၌ မော်ဒယ်မြင့်ကားများ ပါဝင်မည်၊ တူရိယာပစ္စည်း မပါဘဲ တီးလုံးသံများကို ပါးစပ်ဖြင့် ဖန်တီးနိုင်သည့် ဂီတကိုလူကြိုက်များလျက်ရှိ၊ တစ်ဂိုးသွင်းလျှင် ကျပ်သိန်း ၁၀၀ ချီးမြှင့်မည့် ဘောလုံးအသင်း၊ နိုင်ငံကျော် စာရေးဆရာနီကိုရဲ ကွယ်လွန်ခြင်းနှင့် ပတ်သက်၍....၊ မြန်မာတို့ပါဝင်သော စင်ကာပူ သင်္ဘောကို ပင်လယ်ဓားပြများ ပြန်ပေးဆွဲထားသဖြင့်....၊ အိန္ဒိယကမ်းလွန်ဒေသတွင် ဧရာမဥက္ကာခဲကြီးကျရောက်ခဲ့သည့် ကမ္ဘာ့အကြီးဆုံးချိုင့်ကြီးကို ရှာဖွေတွေ့ရှိ၊ ကမ္ဘာ့အလေးဆုံး လူသားကို ဆေးရုံသို့ပို့ရန် ကုန်တင်ရဟတ်ယာဉ်လိုအပ်နေ၊ အသက် ၁၀၀ ရှိသူများကို နှစ်၅၀ခန့် နုပျိုသွားစေနိုင်တော့မည်၊ အဆိပ်ရှိသော ရေမှော်များကြောင့် ဒိုင်နိုဆောများ မျိုးသုဉ်းခဲ့ရဟုဆို၊ အာဖဂန်နစ္စတန်သမ္မတ ရွေးကောက်ပွဲကို ပြန်လည်ကျင်းပမည်၊ လက်ညိုးတစ်ချောင်းတည်းထောက်လျက် ဒိုက်ထိုးပြီး ကမ္ဘာ့စံချိန်တင်၊ ကလေးငယ်၏ အရေပြား၌ ကိုရမ်ကျမ်းစာသားများ အလိုအလျောက်ပေါ်လာခဲ့၊ ရှစ်နှစ်ကြာပြီးမှ မျှော့တစ်ကောင်ကြောင့် တရားခံဖမ်းမိ၊ မက္ကဆီကိုက ကမ္ဘာ့အကြီးဆုံး ရေအောက်ပြတိုက်ကြီး ဖွင့်လှစ်ရန်စီစဉ်၊ လာမည့်နှစ် ၂၀ အတွင်း အာတိတ်သမုဒ္ဒရာ၌ ရေခဲများ လုံးဝပျောက်ကွယ်သွားမည်၊ အင်တာနက်က လူတို့၏ ဦးနှောက်ကို ပြောင်းလဲစေနိုင်၊ လေယာဉ်မှူး အိပ်ပျော်သွားသဖြင့် ဆင်းရမည့်လေဆိပ်ကို မိုင် ၁၅၀ကျော်လွန်သွား၊ ဗြိတိန်တွင် ဂြိုဟ်သား သုံးဦးကို တွေ့ခဲ့ပြီးနောက် စုံစမ်းမှုများ ပြုလုပ်နေ… စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် စာမျက်နှာ ၄၈မျက်နှာအထိ ၁၂မျက်နှာ တိုးမြှင့်ထားသော်လည်း ဈေးနှုန်းမတက်ဘဲ မေတ္တာလက်ဆောင် အချပ်ပိုများနှင့် အတူ အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင်တန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၆

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF)နှင့် The Association for Overseas Technical Scholarship (AOTS)တို့၏ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ IT ပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် The Training Program on Instructors for ITEE in Myanmar (MMITEE) သင်တန်းကို သင်တန်းသား ၂၅ ဦး လက်ခံ၍ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် e-Learning Centre ၌ နိုဝင်ဘာ ၁၆ရက်မှ စတင်၍ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ စိတ်ပါဝင်စားသည့် အသက်၂၃နှစ်မှ ၅၀အတွင်းရှိ IT ပညာရပ်တွင် အတွေ့အကြုံ အနည်းဆုံး သုံးနှစ်ရှိသူ၊ သင်တန်းပို့ချသူ သို့မဟုတ် Programming Language အတွေ့အကြုံရှိသူ မည်သူမဆို အောက်တိုဘာ၂၉ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ရုံး ဖုန်း-၆၅၂၃၀၇သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ပိုင်းဒေသများတွင် မိုးအနည်းငယ် ဆက်လက်ထစ်ချုန်းရွာနိုင်

ရန်ကုန် အောက်တိုဘာ ၂၆

<u>ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ</u> လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်း၌ နေရာကျဲကျဲ၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ သထုံမြို့တွင် ၁ဒသမ၂၂လက်မ၊ ကော့သောင်းမြို့တွင် ၀ဒသမ၆၃လက်မ၊ ရန်ကုန်(မြို့လယ်)နှင့် ပုသိမ်မြို့တို့တွင် ၀ဒသမ၂၇လက်မစီတို့ ဖြစ်ကြသည်။

<u>ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ</u> ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

<u>အောက်တိုဘာ၂၇ရက် ညနေအထိခန့်မှန်းချက်မှာ</u> မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည် <u>မြန်မာ့ပင်လယ်ပြင်တွင်</u> လှိုင်းအနည်းငယ်သာ ရှိမည်။

<u>နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ</u> မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးအနည်းငယ် ဆက်လက်ထစ်ချုန်းရွာနိုင်သည်။

<u>နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်</u> နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

<u>ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်</u> နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

<u>မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်</u> နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

အလိမ္မာ စာမှာရှိသည်

မြန်မာ့စင်ထက် လှုယဉ်လျက်သော်

- အဆို ချိုမြ..
  အက ငြိမ့်အေး..
  အရေး မျောစီး..
  အတီး မြိုင်ဆိုင်..
  ယှဉ်ပြိုင် တက်ကြွ
  ဆိုကရေးတီး
  ပွဲကြီးသဘင်၊ ဝှဲချီးယင်သည်
  ပြည်ခွင်ခြိမ့်ညံ့ သဲသဲတည်း။

- ကြေးကြိုးသားရေ၊ လေလက်ခုပ်အစ
  မြန်မာ့အခြေခံ၊ ကိုယ်ပိုင်ဟန်နှင့်
  မျိုးမာန်ဝင့်ကြွား
  အမျိုးသားလက္ခဏာ၊ စဉ်အလာကို
  ရင်မှာ စွဲပိုက်၊ မြတ်နိုးထိုက်သည်
  နှစ်ခြိုက်စွဲစွဲ လမ်းလမ်းတည်း။

- အနုအလှ ၊ သုခုမနှင့်
  မြန်မာ့စင်ထက်၊ လှုယဉ်လျက်တည့်
  ကကွက်ဆန်းဆန်း၊ လက်စွမ်းမြိုင်မြိုင်
  သံပြိုင်ဆိုသီ၊ ဖွဲ့စီရေးစပ်
  ပြဇာတ်သဘင်၊ ရုပ်သေးစင်နှင့်
  စုံလင်ထွေဆန်း၊ အံ့မခန်းပြီ
  တစ်ဝှမ်းကမ္ဘာ ကြွားကြွားတည်း။

- ''ဇာတိပုည၊ ဂုဏ်မာန''ကို
  ရွေးမျှဘယ်ခါ၊ မစွန့်ပါသည့်
  မြန်မာပီပီ၊ ကမ္ဘာတည်အောင်
  သီမှု တီးမှု၊ ကမှု ဆိုမှု
  အနုပညာ၊ ကိုယ့်ရိုးရာကို
  ကောင်းစွာပိုက်သိမ်း၊ ဆက်ခံထိန်းရင်း
  ငြိမ်းချမ်းရွှာပြည်၊ ဖွံ့ဖြိုးစည်အောင်
  ဆောက်တည်ကြိုးပမ်း၊ ညီညာလှမ်းစို့
  လမ်းမှန်ဖြောင့်ဖြောင့် ဖြူးဖြူးတည်း။ ။

ဇော်မင်းမင်းဦး

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆက်လက်ဆင်နွှဲ ကဏ္ဍအလိုက် ပြိုင်ပွဲများ နေပြည်တော်၌ကျင်းပ

နဝမနေ့ပြိုင်ပွဲများသို့ ပြည်သူများ တစ်ခဲနက်အားပေးကြည့်ရှု

နေပြည်တော် အောက်တိုဘာ ၂၆

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ကဏ္ဍအလိုက်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတို့၌ နဝမနေ့အဖြစ် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ကြည့်ရှုအားပေး

အဆိုပါ ပြိုင်ပွဲများသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယရှေ့နေချုပ်များဖြစ်ကြသည့် ဦးမြင့်နိုင်နှင့် ဦးထွန်းထွန်းဦး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစိုးဦး၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့် ကြီးကြပ်အုပ်ချုပ်သူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာကို လေးစားတန်ဖိုးထားကြသော ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

မဟာဂီတ

အဆိုပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသား မဟာဂီတ အဆိုပြိုင်ပွဲကို နံနက်၉နာရီတွင် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေး တက္ကသိုလ် စုဝေးခန်းမ၌ ကျင်းပရာ အဆို အကဲဖြတ် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) ဒေါ်တင်တင်မြ၊ အတွင်းရေးမှူး ဒေါ်မေပြုံးခိုင်နှင့် ဗဟိုအကဲဖြတ် ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြပြီး မဟာဂီတ အဆို အကဲဖြတ် အဖွဲ့ခေါင်းဆောင် ဒေါ်သင်းသင်းမြတ်နှင့် အကဲဖြတ်ပညာရှင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် **'မင်္ဂလာသီရိ'** (ဘွဲ့) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ကျော်ဇင်ဝင်း၊ မန္တလေးတိုင်းမှ မောင်ဝင်းမင်းခန့်၊ ဧရာဝတီတိုင်းမှ မောင်ပိုမိုထက်အောင်၊ ရန်ကုန်တိုင်းမှ မောင်အောင်နိုင်ဦး၊ ကရင်ပြည်နယ်မှ မောင်စောအောင်ကျော်ကျော်၊ ကချင်ပြည်နယ်မှ မောင်ဘုန်းမြင့်ကျော်၊ မန္တလေးတိုင်းမှ မောင်သော်ဇင်မျိုး၊ စစ်ကိုင်းတိုင်းမှ မောင်စဝ်စံထွန်းနှင့် ရခိုင်ပြည်နယ်မှ မောင်ဦးဌေးကျော်တို့ သီဆိုပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်များကို ခေတ္တရပ်နားသည်။

သီဆိုပြိုင်ပွဲဝင်

မွန်းလွဲပိုင်း အစီအစဉ်များကို မွန်းလွဲ ၁နာရီတွင် ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး မဟာဂီတ အဆိုပြိုင်ပွဲတွင် **'ဟောဝန်စုံမြိုင်'** (ပတ်ပျိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မခင်မြသက်နှင်း၊ စစ်ကိုင်းတိုင်းမှ ဒေါ်ကြူကြူခိုင်၊ မန္တလေးတိုင်းမှ မြန်မာမလေးသပြေ၊ ဧရာဝတီတိုင်းမှ ဒေါ်ရီရီသင်း၊ ရခိုင်ပြည်နယ်မှ ဒေါ်အေးနှင်းခိုင်၊ ရန်ကုန်တိုင်းမှ ဒေါ်သူဇာအောင်၊ မန္တလေးတိုင်းမှ မဝင့်ဝါဇော်၊ ပဲခူးတိုင်းမှ ဒေါ်ဥမ္မာတို့ သီဆိုပြိုင်ပွဲဝင်ကြသည်။

ကွက်စိပ်ပြိုင်ပွဲ

ကွက်စိပ်ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) **'တေမိယဇာတ်တော်ကြီး'** ကွက်စိပ်ပြိုင်ပွဲကို နံနက် ၉နာရီတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ကွက်စိပ် အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဦးတင်စိုး ခေါင်းဆောင်သော အကဲဖြတ်ပညာရှင်များက အကဲဖြတ် အမှတ်ပေးကြပြီး ဧရာဝတီတိုင်းမှ ဦးမြအေးက ဦးစက်ကလေးဆိုင်းအဖွဲ့နှင့် တွဲဖက်၍ လည်းကောင်း၊ ရန်ကုန်တိုင်းမှ ဦးဝေလာက မြန်မာပြည်သားလေးဖိုးဇော် ဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ စစ်ကိုင်းတိုင်းမှ ဦးရန်လင်းအောင်က ဟိန်းဇော်ဆိုင်းအဖွဲ့နှင့် တွဲဖက်၍ လည်းကောင်း၊ ကယားပြည်နယ်မှ ဦးမောင်မောင်သူ (ခ) ဦးငြိမ်းချမ်းက စိန်ညွှန့်ရီဆိုင်းအဖွဲ့နှင့် တွဲဖက်၍လည်းကောင်း၊ ပဲခူးတိုင်းမှ ဦးမင်းညွှန့်က တံခွန်မြတ်ဇင်အောင်ဆိုင်းအဖွဲ့နှင့် တွဲဖက်၍ လည်းကောင်း၊ မန္တလေးတိုင်းမှ အေဝမ်းမင်းဇော်က မန္တလေးစိန်ဝမ်းတူး ဆိုင်းအဖွဲ့နှင့် တွဲဖက်၍ လည်းကောင်း ဟောပြောပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသမီး စောင်းအတီးပြိုင်ပွဲတွင် မကွေးတိုင်းမှ မငြိမ်းမြတ်မွန် ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

စောင်းအတီးပြိုင်ပွဲ

အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက်၅နှစ်မှ ၁၀နှစ်)အမျိုးသမီး စောင်းအတီးပြိုင်ပွဲကို နံနက်၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ ကျင်းပရာ စောင်းအတီး အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးအောင်ကိန်းနှင့် အကဲဖြတ်ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် **'ထွေတလာ'** (ကြိုး) သီချင်းဖြင့် မန္တလေးတိုင်းမှ မကြည်ဖြူစိမ့်၊ ပဲခူးတိုင်းမှ မဆုမြတ်မြတ်အောင်၊ စစ်ကိုင်းတိုင်းမှ မပြည့်ဖြိုးလှိုင်၊ မန္တလေးတိုင်းမှ မစုရတနာ၊ ရန်ကုန်တိုင်းမှ မအိဇွန်ဖူးနိုင်နှင့် မအိအိခိုင်၊ မကွေးတိုင်းမှ မငြိမ်းမြတ်မွန်နှင့် ဧရာဝတီတိုင်းမှ မခိုင်သင်းကြည်တို့ တီးခတ် ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀)အမျိုးသား စောင်းအတီးပြိုင်ပွဲကို ကျင်းပရာ **'ဟေမဝန်ခြာ'** (ဘွဲ့) သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်လှိုင်းကိုကိုနှင့် မောင်သိပ်ချစ်အောင်၊ ရှမ်းပြည်နယ်မှ မောင်ရဲဝင်းကျော် (ခ) ရှာလိုနှင့် ရန်ကုန်တိုင်းမှ မောင်မိုးမြင့်ဆက်တို့ တီးခတ်ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်များကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်း အစီအစဉ်များကို မွန်းလွဲ ၁နာရီတွင် ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား စောင်းအတီး ပြိုင်ပွဲတွင် **'ဖြေနိုင်ပေါင်'** (ပတ်ပျိုး) သီချင်းဖြင့် မွန်ပြည်နယ်မှ ဦးချမ်းသာ၊ မန္တလေးတိုင်းမှ မောင်သော်ဇင်ဝင်းနှင့် ရန်ကုန်တိုင်းမှ မောင်ဝေဖြိုးနိုင်တို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး စောင်းအတီး ပြိုင်ပွဲကို ကျင်းပရာ **'တောတောင်စွယ်'** (ကြိုး) သီချင်းဖြင့် စစ်ကိုင်းတိုင်းမှ မခင်မျိုးမော်လွင်(ခ) မော်လွင်မြင့်၊ မန္တလေးတိုင်းမှ မနန္ဒာအေး၊ ဧရာဝတီတိုင်းမှ ဒေါ်တင်နီလာဝင်းနှင့် မန္တလေးတိုင်းမှ မဇာဇာအေးတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဒုံမင်းအတီးပြိုင်ပွဲ

အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသား ဒုံမင်း အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေး သုတေသနဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ဒုံမင်း အကဲဖြတ်အဖွဲ့ခေါင်းဆောင် (ဒလ)ဦးမြင့်စိန်နှင့် အကဲဖြတ်အဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် **'မေတ္တာရွှေရည်'** (ကာလပေါ်) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်တိမ်မင်းခန့်ဇော်နှင့် မောင်သော်တာမှူးတို့ တီးခတ်ပြိုင်ပွဲဝင်ကြပြီး အခြေခံပညာအဆင့် (အသက်၅နှစ်မှ ၁၀နှစ်) အမျိုးသမီး ဒုံမင်းအတီးပြိုင်ပွဲတွင် **'စံရာတောင်ကျွန်း'** (ကြိုး)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မမီမီနိုင်စိုး (ခ) ဖွားချစ်နှင့် မခင်ယဉ်မင်းဆုတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး ဒုံမင်း အတီးပြိုင်ပွဲတွင် **'ကြံကြံဖန်ဖန်'** (ယိုးဒယား) သီချင်းဖြင့် ဧရာဝတီတိုင်းမှ ဒေါ်လွင်လွင်ချိုထွန်း၊ ပဲခူးတိုင်းမှ ဒေါ်ခိုင်သန္တာစိုးနှင့် ရန်ကုန်တိုင်းမှ ဒေါ်ရည်ဖုန်းဆွေတို့ တီးခတ်ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်းပြိုင်ပွဲအစီအစဉ်များကို ခေတ္တရပ်နားသည်။

အဆင့်မြင့်ပညာအဆင့်

မွန်းလွဲ ၁နာရီတွင် ပြိုင်ပွဲအစီအစဉ်များကို ဆက်လက်ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသား ဒုံမင်း အတီးပြိုင်ပွဲတွင် **'မင်းလမ်းငယ်စပ်ခါ'** (ကြိုး) သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်တင်လှိုင်ဝင်း၊ ရန်ကုန်တိုင်းမှ မောင်သက်လွင်အောင်ထွန်း၊ မန္တလေးတိုင်းမှ မောင်လှိုင်ဝမ်းတူးနှင့် ပဲခူးတိုင်းမှ မောင်သူရတို့ တီးခတ်ပြိုင်ပွဲဝင်ကြပြီး အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ဒုံမင်းအတီးပြိုင်ပွဲတွင် **'ဝေဇယန္တာ'** (ယိုးဒယား) သီချင်းဖြင့် မန္တလေးတိုင်းမှ မသန္တာဌေး၊ ရန်ကုန်တိုင်းမှ မစုပြည့်ဖြိုးမွန်နှင့် မန္တလေးတိုင်းမှ မမြတ်ပွင့်ဖြူတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်၍ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ဒုံမင်းအတီး ပြိုင်ပွဲတွင် **'မိုး'** (ကာလပေါ်) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မထက်လေးရွှေဘိုနှင့် မကြည်ပြာဦးတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

မယ်ဒလင်ပြိုင်ပွဲ

အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသား မယ်ဒလင်အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင် သစ်တောသုတေသန စုဝေးခန်းမ၌ ကျင်းပရာ မယ်ဒလင်ပြိုင်ပွဲ အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးမောင်မိုးနှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲတွင် **'တို့လှည့်မေတ္တာ'** (ကာလပေါ်) သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်ရန်နိုင်ထွန်းနှင့် မောင်ရဲထက်အောင်၊ ရန်ကုန်တိုင်းမှ မောင်သက်ထက်ပိုင်နှင့် ပဲခူးတိုင်းမှ မောင်စည်သူလွင်တို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

အခြေခံပညာအဆင့် (အသက် ၅နှစ်မှ ၁၀နှစ်) အမျိုးသမီး မယ်ဒလင်ပြိုင်ပွဲတွင် **'ဇေယျာမြို့'** (ကြိုး) သီချင်းဖြင့် ဧရာဝတီတိုင်းမှ မခိုင်သင်းကြည်၊ မန္တလေးတိုင်းမှ မနှင်းအိခိုင်နှင့် မရတီအောင်၊ ပဲခူးတိုင်းမှ မရွှေဇင်ဝင်း၊ ရန်ကုန်တိုင်းမှ မယွန်းရွှေရည်ထူးနှင့် မဆုပြည့်သူတို့ တီးခတ်ယှဉ်ပြိုင်ကြပြီး နံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်များကို ခေတ္တရပ်နားသည်။

မွန်းလွဲ ၁နာရီတွင် ပြိုင်ပွဲများကို ပြန်လည်ကျင်းပရာ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) မယ်ဒလင်ပြိုင်ပွဲတွင် **'ဇေယျာအောင်ချာ'**(ကြိုး) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်သော်တာထွန်းနှင့် မောင်အောင်၊ ပဲခူးတိုင်းမှ မောင်ကိုကိုဝင်းတို့ ပါဝင်တီးခတ် ပြိုင်ပွဲဝင်ကြသည်။

ဆိုင်း(အဖွဲ့လိုက်)

အတီးပြိုင်ပွဲ၏ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀) အမျိုးသမီး ဆိုင်း(အဖွဲ့လိုက်)ပြိုင်ပွဲကို နံနက် ၉နာရီတွင် စိုက်ပျိုးရေး သုတေသနဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ဆိုင်းအကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးစိန်စတင်းနှင့် ဗဟိုအကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များက အကဲဖြတ်အမှတ်ပေးကြပြီး မန္တလေးတိုင်းမှ မခင်ခင်ဗိုလ်အဖွဲ့၊

စာမျက်နှာ ၁၁ ကော်လံ ၁

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

နေ့ရက်အလိုက် ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲအစီအစဉ်များ

စဉ်	ရက်စွဲ	ပြိုင်ပွဲကျင်းပသည့်နေရာ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်
၁၀	၂၇-၁၀-၂၀၀၉ (အင်္ဂါနေ့)	စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)	အဆို၊ ကာလပေါ် အဆို၊ ကာလပေါ် အဆို၊ ကာလပေါ်	အခြေခံပညာအသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း)(အမျိုးသမီး) အခြေခံပညာအသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း) (အမျိုးသား) ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသမီး)	ဝ၉း၀၀ ဝ၉း၀၀ ၁၃း၀၀
		မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)	ကွက်စိပ်ပြိုင်ပွဲ	ဝါသနာရှင်(ဒုတိယတန်း) (သောတ္ထိသေန သမ္ဘူလဇာတ်)	ဝ၉း၀၀
		သစ်တောသုတေသနဌာန (စုဝေးခန်းမ)	အတီး(တယော) အတီး(တယော)	အခြေခံပညာအသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း)(အမျိုးသား)(အမျိုးသမီး) အဆင့်မြင့်ပညာ(အမျိုးသား)(အမျိုးသမီး)	ဝ၉း၀၀ ၁၃း၀၀
		စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ)	အတီး(ပတ္တလား) အတီး(ပတ္တလား)	အခြေခံပညာအသက်(၅နှစ်ပြည့်မှ ၁၀နှစ်အတွင်း)(အမျိုးသမီး) ဝါသနာရှင်(ပထမတန်း)(အမျိုးသား)	ဝ၉း၀၀ ၁၃း၀၀
		စိုက်ပျိုးရေး သုတေသနဦးစီးဌာန (သင်တန်းခန်းမ)	အတီး(ဆိုင်းတစ်ဦးချင်း) အတီး(ဆိုင်းတစ်ဦးချင်း) အတီး(ဆိုင်းတစ်ဦးချင်း)	အခြေခံပညာ အသက်(၁၀နှစ်ပြည့်မှ ၁၅နှစ်အတွင်း) (အမျိုးသမီး) အခြေခံပညာ အသက်(၁၅နှစ်ပြည့်မှ ၂၀နှစ်အတွင်း) (အမျိုးသမီး) ဝါသနာရှင်(ဒုတိယတန်း) (အမျိုးသမီး)	ဝ၉း၀၀ ဝ၉း၀၀ ၁၃း၀၀
		အမှတ်(၇) တည်းခိုရေးစခန်း (သင်တန်းခန်းမဆောင်)	ရုပ်စုံသဘင်အဖွဲ့လိုက်	(ဣလ္လိသ ဒွိစိတ္တဇာတ်)(စစ်ကိုင်းတိုင်း)	၁၉း၀၀

27-10 (10).pmd 1 10/26/2009, 2:15 PM

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်နှင့် ဇနီး ဒေါ်နုနုဆွေတို့ ရန်ကုန်တိုင်းကိုယ်စားပြု တော်ဝင်ရုပ်စုံသဘင်စင်တော်ကြီးအဖွဲ့၏ 'ဣလ္လိသဒ္ဒိစိတ္တ' ဇာတ်တော် ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ဣလ္လိသဒ္ဒိစိတ္တဇာတ်တော် ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ

ရန်ကုန်တိုင်းကိုယ်စားပြု တော်ဝင်ရုပ်စုံသဘင် စင်တော်ကြီးအဖွဲ့ စတင်ယှဉ်ပြိုင်တင်ဆက်

နေပြည်တော် အောက်တိုဘာ ၂၆

(၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ 'ဣလ္လိသဒ္ဒိစိတ္တ'ဇာတ်တော် ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို ယနေ့ည ၇နာရီတွင် နေပြည်တော်ရှိ အမှတ်(၇) တည်းခိုရေးစခန်း သင်တန်းခန်းမ၌ စတင်ကျင်းပရာ ရန်ကုန်တိုင်းကိုယ်စားပြု တော်ဝင်ရုပ်စုံသဘင် စင်တော်ကြီးအဖွဲ့က စတင်ယှဉ်ပြိုင်တင်ဆက်သည်။

ကြည့်ရှုအားပေး

အဆိုပါရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအုန်းမြင့်နှင့် ဇနီး ဒေါ်နုနုဆွေ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဗဟိုအကဲဖြတ် ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုလေ့လာရေး အဖွဲ့ဝင်များနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ရုပ်စုံသဘင် အနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ လာရောက် ကြည့်ရှုအားပေးသည်။

ရန်ကုန်တိုင်းကိုယ်စားပြု တော်ဝင်ရုပ်စုံသဘင်စင်တော်ကြီးအဖွဲ့ကို စာရေးဆရာ ပျဉ်းမနားမြင့်လှိုင် ဦးစီးပြီး ဇာတ်ညွှန်းနှင့် ဒါရိုက်တာ တောင်စွန်းအောင်တိုး၊ ရုပ်စုံကြိုးဆွဲနှင့် အဆို၊ အငို၊ အပြော ဦးစိုးဝင်းထိုက်၊ ဦးအောင်ကိုလတ်၊ ဦးသန်းထွန်းလင်း၊ ဦးနိုင်လင်း၊ ဦးအောင်သန်းဝင်း၊ ဦးမောင်မောင်မင်းကြည်၊ ဒေါ်စန္ဒာဝင်း၊ ဒေါ်မေသူဝင်း၊ ဒေါ်မိုးမိုးကြည်၊ ဒေါ်ဇင်မာဝင်း၊ ဒေါ်ချောစုကလျာအေး၊ ဒေါ်ယုမြတ်လှိုင်နှင့် ဒေါ်အိအိခင်တို့က ဦးမင်းမင်းစိုး ခေါင်းဆောင်သည့် ဇာတ်ပို့တေးဂီတအဖွဲ့နှင့် တွဲဖက်လျက် လူမှုဆက်ဆံရေး၌ နှစ်ဖက်နှစ်တန်တွေးတတ်ကာ စီးပွားရှာရာတွင် အတ္တကင်းစင်၍ လူသားချင်း ရင်းနှီးချစ်ခင် မေတ္တာဝင်စေပြီး အရက်သေစာ သောက်စားခြင်း၏ ဆိုးကျိုးများကို သတိချပ်မိဆင်ခြင်တတ်၍ ကောင်းမှုကုသိုလ်ပွားများခြင်းကြောင့် ကောင်းကျိုးချမ်းသာ နတ်စည်းစိမ်များ ခံစားရခြင်းအကြောင်းတို့ကို အခန်းစဉ်(၁၄)ခန်းဖြင့် ရုပ်စုံသဘင်ပညာ ပြည့်ဝစွာ ယှဉ်ပြိုင်တင်ဆက်ကြသည်။

(သတင်းစဉ်)

ပွဲတော်ဆီ နွဲပျော်မည်

* မြန်မာမှန်လျှင်
မွေးမိခင် ရင်မှဖွားပါလို့
လသားအရွယ် အငိုလှိုင်တော့
"ချိုမိုင်မိုင်" တိုင်ကာပေးလျှင်ဖြင့်
မျက်နှာပေး ချိုကြည်သန့်တဲ့ပြင်
လက်ကလေး ဟိုသည်ဖြန့်
ကွေးဆန့်လို့ ကလိုက်ချင်။

* တစ်ကိုယ်တည်း မပျော်ပိုက်ပါဘူး
အဆို အတီး တော်တော်ကြိုက်ကြပုံက
စည်းလိုက်ကာ ပါးစပ်ဆိုင်းတော့
လူတိုင်း ကျွမ်းကျင်။

* မြန်မာ့မြေ ပြည်ထောင်တစ်လွှားမှာဖြင့်
ညီနောင်များ နေရာခြားသော်လည်း
အနုပညာ နှလုံးသားရယ်နဲ့
အပြုံးများ ကိုယ်စီလှတာမို့
ချိုမြတေး မငြီးဖွယ်ပ
အဆို အက အရေး အတီးရယ်က
မြန်မာ့မူ မြန်မာ့ဟန် အစစ်ပေမို့
အနှစ်သာရ အမြဲပေါ်လွင်
သြော်.... တစ်နှစ်တစ်ခါပ နွဲပျော်ဆင်
ပွဲတော်သဘင် ကြည်ရွှင်လန်း။

* ဇာတ်သမားလာလျှင်
မှတ်သားစရာ ပါစမြဲပင်တဲ့
ပွဲတော်တွင် ဇာတ်ရုပ်သေး ကွက်စိပ်တွေနဲ့
မပျက်အရိပ် ရှေးအမွေ မဟာဂီတငဲ့ပြင်
ကာလပေါ် အစုံအလင်မို့
ဂုဏ်တင်စရာ ပွဲတော်ဆီသို့
နွဲပျော်မည် သွားရန်အသင့်ပါပဲ(ကဲ....ရှာစားရေ)
ဆိုင်းဆင့်လိုက်စမ်း။ ။

မြင်းမူမောင်နိုင်မိုး

စာမျက်နှာ ၁၀ မှ

ရန်ကုန်တိုင်းမှ မနန္ဒာဝင်းဗိုလ် အဖွဲ့နှင့် မအေးမြတ်နိုးခင်အဖွဲ့တို့ တီးခတ် ပြိုင်ပွဲဝင်ကြပြီး နံနက်ပိုင်း ပြိုင်ပွဲအစီအစဉ်ကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲ ၁နာရီတွင် ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား ဆိုင်း(အဖွဲ့လိုက်) ပြိုင်ပွဲကို ကျင်းပရာ စစ်ကိုင်းတိုင်းမှ မောင်ဆိုင်းဗိုလ်အဖွဲ့၊ မန္တလေးတိုင်းမှ ဦးစိန်ဝင်းမြင့်အဖွဲ့၊ ဧရာဝတီတိုင်းမှ ဧရာဝတီ လှိုင်မင်းအဖွဲ့၊ မန္တလေးတိုင်းမှ ဦးကောင်းသန့်အဖွဲ့၊ ရန်ကုန်တိုင်းမှ ဦးစိန်မင်းနိုင်အဖွဲ့၊ ပဲခူးတိုင်းမှ တံခွန်မြတ်ဇင်အောင်အဖွဲ့နှင့် ရန်ကုန်တိုင်းမှ မြန်မာပြည်သားလေး ဖိုးဇော်အဖွဲ့တို့ တီးခတ် ပြိုင်ပွဲဝင်ကြပြီး နဝမနေ့ ပြိုင်ပွဲအစီအစဉ်များကို ရပ်နားလိုက်သည်။

(သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

အောက်တိုဘာ ၂၆ရက်က ကုလသမဂ္ဂနေ့အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းအား ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Bishow B. Parajuli ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

မြို့တွင်းလမ်းများ ကောင်းမွန်ရေးဆောင်ရွက်

ကြာအင်းဆိပ်ကြီး အောက်တိုဘာ ၂၆

ကြာအင်းဆိပ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းလမ်းများ ကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးလမ်း၊ ဒေါနလမ်း၊ သိပ္ပံလမ်းတို့အား လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်မျိုးမြင့် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးခင်မောင်ချိုက ကြီးကြပ်ဆောင်ရွက်ပေးသည်။ ***(မြို့နယ်စည်ပင်)***

ဓာတ်ငွေ့ပိုက်လိုင်းသစ် စီမံကိန်းလုပ်ငန်းများ စွမ်းအင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ကြည့်ရှုစစ်ဆေး

ပွင့်လင်းရာသီအတွင်း အောင်မြင်ပြီးစီးအောင်ဆောင်ရွက်ရေး မှာကြား

နေပြည်တော် အောက်တိုဘာ ၂၆

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် အောက်တိုဘာ ၂၄ရက် နံနက်ပိုင်းတွင် ကမ်းလွန်ဓာတ်ငွေ့ ပိုက်လိုင်းသစ်စီမံကိန်း၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော ရန်ကုန်တိုင်းအတွင်းရှိ ပန်းလှိုင်မြစ်ကူးတံတားနှင့် တွံတေးတူးမြောင်းအကြား ပိုက်လိုင်းသစ် သွယ်တန်းနေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

မှာကြား

ထို့နောက် ဒုတိယဝန်ကြီးသည် ပိုက်လိုင်းလမ်းကြောင်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လိုက်လံစစ်ဆေးပြီး တွံတေးမြစ်ဖြတ် ပိုက်လိုင်းစခန်းသို့ရောက်ရှိရာ တာဝန်ရှိသူများက တွံတေးတူးမြောင်းအတွင်း HDD တွင်းတူးစက်ဖြင့် မြစ်ကြမ်းပြင်အောက်မှ တူးဖောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒုတိယဝန်ကြီးက ယခု ပွင့်လင်းရာသီအတွင်း စီမံကိန်းအောင်မြင်စွာပြီးစီးအောင် လုပ်ငန်းတစ်ခုချင်း အချိတ်အဆက်မိမိ ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံစီမံကိန်း(ဘီးလင်း)

ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ကြည့်ရှုစစ်ဆေး စက်များတပ်ဆင်ရာတွင် ဂရုတစိုက်ဆောင်ရွက်ရေးမှာကြား

နေပြည်တော် အောက်တိုဘာ ၂၆

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် အောက်တိုဘာ ၂၄ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ မရမ်းကုန်းရော်ဘာခြံသို့ရောက်ရှိရာ ရော်ဘာဌာန ညွှန်ကြားရေးမှူးက ရော်ဘာစေးထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အဆင့်မြင့်ရော်ဘာစေးများ သတ်မှတ်လျာထားချက်ပြည့်မီရေး၊ ရော်ဘာထုတ်လုပ်မှုလုပ်ငန်း အဆင့်မြင့်မားစေရေး၊ လွယ်လင့်တကူသယ်ယူရေးစနစ် အကောင်အထည်ဖော်ရေး၊ စစ်ဆေးကြီးကြပ်မှု ဂရုတစိုက် အလေးအနက်ရှိရေးနှင့် ရော်ဘာပင်များကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ကြိုတင်စီစဉ်

ထို့နောက် အမှတ်(၂)တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံစီမံကိန်း(ဘီးလင်း)သို့ရောက်ရှိရာ စက်ရုံစီမံကိန်း တာဝန်ခံက စီမံကိန်းပြီးစီးမှုအခြေအနေနှင့် စက်ပစ္စည်းများတပ်ဆင်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ခေတ်မီစက်များဖြစ်၍ တပ်ဆင်ရာတွင် ဂရုတစိုက်ဆောင်ရွက်ရေး၊ စက်များ တပ်ဆင်မှုနည်းပညာရရှိရေး၊ စက်မှုအတတ်ပညာရှင်များအားလုံး ထုတ်လုပ်မှုနည်းစဉ်အပေါ် ပိုင်ပိုင်နိုင်နိုင်ရှိရန် အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရေး၊ စီမံကိန်းပြီးစီးသည်နှင့် တစ်ပြိုင်နက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိကြရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်ရုံထုတ်လုပ်မှုလုပ်ငန်းများအတွက် သင်တန်းတက်ရောက်နေသူများအား ပြည်ပပညာရှင်များထံမှ အပတ်တကုတ် ကြိုးစားသင်ယူရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာကြီးလှ မိနှင့်ဖ မေတ္တာဂုဏ်ရည် ပူဇော်ဟောပြောပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၆

မကွေးတိုင်း မြို့သစ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် အောင်စည်းစိမ်ကျောက်မျက်ကုမ္ပဏီ၏ ပံ့ပိုးကူညီမှုဖြင့် ကျေးရွာကြီးလှ မိနှင့်ဖ မေတ္တာဂုဏ်ရည် ပူဇော်ဟောပြောပွဲကို အောက်တိုဘာ ၂၁ရက် က မြို့သစ်မြို့ အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ ကျင်းပရာ စာရေးဆရာများဖြစ်ကြသော မောင်စိန်ဝင်း(ပုတီးကုန်း)၊ ရေနံ့သာ မောင်ကျော်ညွန့်၊ သန်လျင် မောင်မောင်ဦး တို့က ကျေးရွာကြီးလှ မိနှင့်ဖတို့၏ မေတ္တာဂုဏ်ရည်ကို ဟောပြောကြသည်။ **(မြန်မာ့အလင်း)**

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တာဝန်ရှိသူများ ကိုရီးယားဒီမိုကရက်တစ် အသက်(၁၆)နှစ်အောက် အမျိုးသမီးအသင်းနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်စဉ်။ (ဘောလုံးအဖွဲ့ချုပ်)

ချစ်ကြည်ရေးခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန်ရောက်ရှိနေသော ကိုရီးယားဒီမိုကရက်တစ်အမျိုးသမီးအသင်းအား ဂုဏ်ပြုညစာတည်ခင်း

ရန်ကုန် အောက်တိုဘာ ၂၆

(၂၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်ရန် လေ့ကျင့်ပြင်ဆင်နေသော ပဏာမမြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ချစ်ကြည်ရေး ခြေစမ်းပွဲများကစားရန် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ကိုရီးယားဒီမိုကရက်တစ် အသက်(၁၆)နှစ်အောက် အမျိုးသမီးဘောလုံးအသင်းအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံပွဲ အခမ်းအနားကို ယနေ့ည ၇ နာရီတွင် CHATRIUM ဟိုတယ်၌ ကျင်းပသည်။

အမှတ်တရ

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားပြီး ကိုရီးယားဒီမိုကရက်တစ် အသက်(၁၆)နှစ်အောက် အမျိုးသမီးဘောလုံးအသင်းအဖွဲ့ခေါင်းဆောင်အား အမှတ်တရလက်ဆောင် ပေးအပ်သည်။

အမှတ်တရဓာတ်ပုံရိုက်

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးက ဧည့်သည်အသင်းသားများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဧည့်သည်အသင်းသားများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ပဏာမမြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ကိုရီးယားဒီမိုကရက်တစ် အသက်(၁၆)နှစ်အောက် အမျိုးသမီးအသင်းတို့၏ ချစ်ကြည်ရေးခြေစမ်းပွဲများကို အောက်တိုဘာ ၂၇ရက် **(ယနေ့)** နှင့် အောက်တိုဘာ ၃၀ရက် ညနေ ၄နာရီ၌ သုဝဏ္ဏကွင်းတွင် ကျင်းပသွားမည်ဖြစ်သည်။

အခမဲ့

ဝင်ကြေးအဖြစ် အခမဲ့သတ်မှတ်ပေးထားသည်။ **(ဘောလုံးအဖွဲ့ချုပ်)**

မြန်မာနယူးစ်ဝိခ်ဂျာနယ်

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန်မြို့တွင် ရေမကြာမကြာ ပြတ်တောက်မှုနှင့်ပတ်သက်ပြီး အသေးစိတ်စီမံချက်များချပြီး ကာကွယ်ဖို့လိုနေ၊ မကြာသေးမီရေပြတ်တောက်မှု၌ သက်ဆိုင်ရာမြို့နယ်စည်ပင်ကြီးကြပ်ရေးမှူးများ ကိုယ်တိုင်ကြီးကြပ်၍ ရပ်ကွက်များအထိ အချိန်နှင့်တစ်ပြေးညီ ရေပေးဝေမှုမှာ ချီးကျူးဖွယ်ဖြစ် သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၁၀၀)ကို ယနေ့ ဖြန့်ချိလိုက်သည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံး(Galaxy) ပြိုင်ကားမောင်းကွင်း တည်ဆောက်ပြီးဖြစ်၊ ရန်ကုန်မြို့ ရွှေဘုံသာလမ်းတွင် သိန်းပေါင်း ၆၀၀၀ခန့် တန်ဖိုး ရှိသည့် ဒေါ်လာလိမ်လည်မှုဖြစ်ပွားခဲ့၊ တရားမဝင် နိုင်ငံခြားသားအလုပ်သမားများကို တောင်ကိုရီးယားနိုင်ငံတွင် သေချာစွာ စိစစ်ဖမ်းဆီးနေ၊ ဆိုမာလီယာကမ်းခြေအနီး ကုန်တင်သင်္ဘောတစ်စင်းကို ပင်လယ်ဓားပြများပြန်ပေးဆွဲ၊ မြန်မာသင်္ဘောသားနှစ်ဦး ပြန်ပေးဆွဲခံထားရ၊ တရုတ်နိုင်ငံမှတင်ပို့သည့် ကားတာယာများကို အမေရိကန်နိုင်ငံက အခွန်တိုးကောက်သဖြင့် မြန်မာရော်ဘာကုန်ကြမ်းကို လျှော့စျေးဖြင့် တင်ပို့နေရ၊ EC ရတော့မည်ဆို၍ ဆရာဝန်များ ဝမ်းသာနေ၊ မကွေးနှင့်ချင်းပြည်နယ် ကိုယ်စားပြု FM ပုဂံ၊ ရွှေဂုံတိုင်မီးပွိုင့်တွင် တပ်ဆင်ထားသော စီစီတီဗွီကင်မရာမှတစ်ဆင့် စက်တင်ဘာလအတွင်း ဖမ်းဆီးအရေးယူနိုင်ခဲ့သည့်ပြစ်မှုများထဲတွင် ဘေးတွယ်နောက်တွယ်အမှုက အများဆုံးဖြစ်၊ တွံတေးမြို့နယ် ရွှေပယင်းချောင်းအတွင်း ပဲ့ထောင်စက်လှေတစ်စင်း တိမ်းမှောက်၍ အမျိုးသမီး နှစ်ဦးသေဆုံး၊ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအတွက် ထိုင်း-မြန်မာ သဘောတူညီချက်အသစ် ရေးဆွဲ၊ ကိုရီးယားကုမ္ပဏီလေးခုမှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်၍ မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေးခဲ့၊ မကွေးတိုင်းတွင် မြွေဆိပ်ဖြေဆေးအတုများ ဖမ်းဆီးရမိ၊ CDMA ကမ်းရိုးတန်းသုံး တယ်လီဖုန်းများ နေပြည်တော်တွင် အသုံးပြု၍ရပြီ၊ တကယ့်တိုက်ပွဲကြီးများနှင့် ရင်ဆိုင်တိုက်ရန် ရုရှားစစ်တပ် အဆင်သင့်ဖြစ်နေပြီ၊ အီရန်အတွက် နျူကလီးယားအရေး သဘောတူညီမှု အတည်ပြုရေး နောက်ဆုံးသတ်မှတ်ချိန် နီးကပ်လာစဉ် အမေရိကန် အစ္စရေး ဒုံးကျည် စစ်ရေးလေ့ကျင့်မှု စတင်၊ တာလီဘန်ခေါင်းဆောင်၏ မွေးရပ်ဇာတိမြေကို ပါကစ္စတန်စစ်တပ် ဝင်စီးပြီး အစ္စရေးက အီရန်ကို ဗုံးကြဲပါက မည်သို့ဖြစ်လာမည်နည်း စသည့် နောက်ဆုံးရပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

နတ်နွယ်၏ မြန်မာပြည်မြောက်ပိုင်း စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၂၆

ပုဂံစာအုပ်တိုက်က နတ်နွယ်၏ မြန်မာပြည်မြောက်ပိုင်းစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ (ယာပုံ)

စတုတ္ထအကြိမ်

ယင်းစာအုပ်သည်တိုးတက်လာသော မြန်မာစာပေသမိုင်းမှ ဝတ္ထု၏ အဟုန်အလျင်ကို ထင်ရှားစေသည့် ပင်ကိုရေးမြန်မာဝတ္ထုရှည်ကြီး တစ်အုပ်ဖြစ်ပြီး ၁၉၆၆ခုနှစ်မှ စတင် ထုတ်ဝေသော ပုဂံစာအုပ်တိုက်၏ မူအတိုင်း စတုတ္ထအကြိမ်မြောက် ပြည့်ပြည့်စုံစုံ ပြန်လည် ထုတ်ဝေလိုက်သော စာအုပ်ဖြစ်ကြောင်း သိရသည်။

၎င်းစာအုပ်တွင် ၁၉၆၆ မှ ၂၀၀၄ ခုနှစ်အထိ နှစ်ပေါင်း ၄၀ နီးပါးမျှ မြန်မာပြည်မြောက်ပိုင်းကို ဖတ်ရှုခံစားထားသော စာရေးဆရာ ကိုးဦး၏ ဝေဖန်စာများ၊ အကြံဉာဏ်များ၊ သူတို့၏ အမြင်နှင့်အမေးများ ပါရှိပြီး စာရေးဆရာနတ်နွယ်၏ အတွေး၊ အမြင်၊ အဖြေများကိုလည်း

တပေါင်းတစည်းတည်း တွေ့မြင်ရမည်ဖြစ်သည်။

ဖြန့်ချိ

၎င်းစာအုပ်ကို ပုဂံစာအုပ်တိုက် ၄(A)၅ ရန်ကင်းစင်တာ ဆရာစံလမ်း ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉-၅၁-၁၀၀၃၈၊ ၀၁-၅၄၄၃၂၁ မှ ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သတင်းရရှိသည်။ *(သတင်းစဉ်)*

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် အောက်တိုဘာ ၂၆

ဆင်ပေါင်ဝဲအသင်း(ရန်ကုန်)စုပေါင်းလှူဒါန်းမည်

ဆင်ပေါင်ဝဲမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် စုပေါင်းလှူဒါန်းပွဲကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက်၌ နိုဝင်ဘာ ၁ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင်ကျင်းပမည်ဖြစ်သည်။

လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းဖွင့်မည်

မြန်မာနိုင်ငံစာရင်းကောင်စီ စာရင်းကိုင်အလုပ်သင်နှင့် သင်တန်းကြီးကြပ်ရေးကော်မတီက ဖွင့်လှစ်မည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပထမပိုင်း) သင်တန်းအမှတ်စဉ်(၃၅)ကို အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း အလုံမြို့နယ် ရန်ကုန်၌ လာမည့် ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၅ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၂၇၂၄၆ သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

နံရံဆေးမှုတ်ပန်းချီလက်ရာပြသမည်

ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ် ၅၄(၁/C) ဗိုလ်ရာညွန့်လမ်းတွင် မျိုးဆက်သစ်လူငယ်များ၏ Graffiti ခေါ် နံရံဆေးမှုတ်ပန်းချီလက်ရာပြပွဲကို အဖွဲ့များဖွဲ့၍ ဆေးရောင်စုံ မှုတ်ခြယ်ပြသမည်ဖြစ်ပြီး အဆိုပါပြပွဲကို အောက်တိုဘာ ၃၁ရက်မှ နိုဝင်ဘာ ၇ရက်အထိ နံနက် ၁၀နာရီမှ ညနေ ၅နာရီအထိ ခင်းကျင်း ပြသထားမည်ဖြစ်သည်။

ကြည့်မြင်တိုင်ကမ်းနားဈေး စုပေါင်းလှူဒါန်းပွဲ

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားဈေးမိသားစု၏ (၂၄)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို အောက်တိုဘာ ၂၇ရက်မှ ၃၀ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၉-၅၁-၀၉၅၁၃ သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။

ကမ္ဘာကြီး ပူနွေးလာနေမှု စာအုပ်ထုတ်ဝေဖြန့်ချိ

ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုနှင့်ပတ်သက်၍ သံအမတ်ကြီး ဦးလှမောင်(ဘောဂ) ရေးသားသော ကမ္ဘာကြီးပူနွေးလာနေမှုနှင့် ကမ္ဘာ့ရာသီဥတု ထူးကဲစွာ ပြောင်းလဲဖြစ်ပေါ်လာနေမှုစာအုပ်ကို ထုတ်ဝေဖြန့်ချိထားသည်။

မသန်စွမ်းသူများအတွက် ကွန်ပျူတာသင်တန်းဖွင့်မည်

မြန်မာနိုင်ငံရှိ မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ရည်ရွယ်၍ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)က ကြီးမှူး၍ ကွန်ပျူတာသင်တန်းကို နိုဝင်ဘာ ၁ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ အောက်တိုဘာ ၂၈ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပြီး အခန်းဘီ-၁၀၄ အမှတ် ၇၉၇ ဗိုလ်ချုပ်အောင်ဆန်းလမ်း(ဝါးတန်း လမ်းထောင့်) မြန်မာ့အလှတာဝါ-၂ လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၂၈၂၃၊ ၂၂၉၀၈၇ နှင့် ၂၁၅၉၃၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

အဝါရောင်ပြတင်းတံခါးပန်းချီပြပွဲ ခင်းကျင်းပြသ

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ၃၄လမ်း အမှတ် ၁၉၉(ပထမထပ်) အဇ္ဈာ အနုပညာပြခန်း၌ အဝါရောင်ပြတင်းတံခါး ပန်းချီပြပွဲကို အောက်တိုဘာ ၂၃ရက်က ဖွင့်လှစ်ခဲ့ရာ အဆိုပါ ပန်းချီပြပွဲတွင် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်လက်ရာ ပန်းချီကားများကို အောက်တိုဘာ ၂၉ရက်အထိ ခင်းကျင်းပြသထားသည်။

မန္တလေးအသင်း ပြက္ခဒိန်ထုတ်ဝေ

မန္တလေးအသင်း(ရန်ကုန်)က မန္တလေးပုံရိပ်များဖြင့် ၂၀၁၀ပြည့်နှစ်အတွက် ပြက္ခဒိန်ကို ထုတ်ဝေဖြန့်ချိထားပြီဖြစ်ရာ မန္တလေးအသင်းတိုက် အမှတ် ၆၂၈/၆၃၂ ကုန်သည်လမ်းနှင့် လမ်း ၃၀ထောင့် (ပထမထပ်) ဖုန်း-၃၇၅၅၉၄၊ မန္တလေးထွန်းဦးစာပေနှင့် အရောင်းဆိုင်များတွင် ဝယ်ယူနိုင်သည်။ ။ **(မြန်မာ့အလင်း)**

စုစည်းရေးသားသူ-ဝင်းကျော်

လှိုင်စစ်ဝန်ထမ်းဟောင်း သက်ကြီးပုဂ္ဂိုလ် ဆရာသမားများအား ပထမအကြိမ် ပူဇော်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၆

လျှပ်စစ်ဌာနတွင် ဦးဆောင်ဦးရွက် တာဝန်ယူခဲ့ကြသော သက်ကြီးပုဂ္ဂိုလ် ဆရာသမားများအား တွေ့ဆုံဂါရဝပြုပူဇော်ပွဲကို ယခုနှစ် ဒီဇင်ဘာ ၁၂ရက် (စနေနေ့) နံနက်တွင် ရန်ကုန်မြို့ ပြည်လမ်း ၆မိုင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန (IBC) ၌ ကျင်းပရန် စီစဉ်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေများကို ဒေါက်တာသိန်းထွန်း ဖုန်း-၀၉-၅၀-၄၀၃၉၀၊ ၆၄၄၀၀၈၊ ဦးဝင်းကျော် ဖုန်း-၅၆၄၃၀၈၊ ၀၉-၅၁-၃၆၄၇၈၊ ဦးအောင်ကိုးရွှေ ဖုန်း-၀၉-၅၁-၄၆၇၂၅၊ ၅၃၀၁၁၉၊ ဦးဝင်းကြည် ဖုန်း-၀၉-၈၆-၀၁၃၄၁၊ ၆၄၂၂၀၅၊ ဦးစောဝင်း ဖုန်း-၀၉-၅၀-၇၅၃၁၆၊ ၅၀၅၈၂၇၊ ဦးအေးသော် ဖုန်း-၀၉-၅၀-၁၉၇၂၄၊ ဦးချေးမြင့် ဖုန်း-၀၉-၅၀-၀၆၁၂၉၊ ၅၀၄၇၂၉၊ ဦးရဲမြင့်စိုး ဖုန်း-၅၀၂၉၇၁၊ ဦးသန်းဝင်း ဖုန်း-၀၉-၅၀-၂၁၄၀၀၊ ဦးမျိုးနိုင် ဖုန်း-၀၉-၅၁-၁၃၆၂၃၊ ၆၈၅၂၆၀ နှင့် ဦးခင်မောင်ကြည် ဖုန်း-၀၉-၅၁-၄၈၆၅၁၊ ၅၇၃၂၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သီဟသုခမ္မ မဏိဇောတဓရ ဦးရဲခင်-သုဓမ္မသိင်္ဂီ ဒေါ်မြအေး

တို့မှ

"ချစ်သား၊ ချစ်သမီးများအတွက် မေတ္တာပို့ဆုမွန်လွှာ"

ချစ်သားကြီး မောင်မင်းမင်းထွန်း

(နိုင်အောင် ငါးသားဖောက်စခန်း၊ ငါးပုစွန်ထုတ်လုပ်ရေး)နှင့်

ချစ်သမီးကြီး မောင်ဝင်းနိုင်ထူး-မနွယ်နွယ်ထွန်း

(ရဲ+မြရတနာရွှေဆိုင်နှင့်စတိုး)

ချစ်သမီးငယ်လေး ဗိုလ်ကြီးသန့်ဇင်ကျော်-မမိုးသီရိအေး(ပြင်ဦးလွင်)

သို့/

သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် လိုအင်ဆန္ဒပြည့်ဝပြီးလျှင် လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးထူး ရရှိနိုင်ကြပါစေသောဝ်....။

မွေးနေ့ဆုမွန်လွှာ

ချစ်သမီးလေး **နှင်းရတနာထွန်း(ခ)နိုးနိုး**၏ ၂၇-၁၀-၂၀၀၉ရက်တွင်ကျရောက်သော (၈)နှစ်မြောက်မွေးနေ့မှသည် နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ်နှလုံး ကျန်းမာစွာဖြင့် ပြည့်စုံအောင်မြင်သော ဘဝပန်းတိုင်သို့ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ဖေဖေ - ဒုတိယဗိုလ်မှူးကြီးထွန်းမင်း
မေမေ - ဒေါ်မေပြုံး
မမ - မီရတနာထွန်း(ခ)မီးမီး

နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း

ကျွန်တော် မောင်ခင်အောင်မိုး ၁၂/ဗဟန(နိုင်) ဝ၈၉၄၂၁နှင့် ကျွန်မ မခိုင်ခိုင်ဝင်း ၁၂/ဥကတ(နိုင်) ၁၅၅၂၁၇တို့သည် ၂၂-၁၀-၂၀၀၉ရက်တွင် ရန်ကုန်တိုင်းတရားရုံး ဦးစီးအရာရှိ ဒေါ်ဆွေဆွေအေး ရှေ့မှောက်တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။ **မောင်ခင်အောင်မိုး-မခိုင်ခိုင်ဝင်း။**

အမွေပြတ်စွန့်လွှတ်ခြင်း

စောနေမင်းထွန်း ၁၄/ဟသတ(နိုင်) ၂၇၆၀၉၄သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဒေါ်ခိုင်ခိုင်စိုး
၁၄/ဟသတ(နိုင်)၀၅၁၇၃၁။

တေဇ (၈) မိသားစု
အမှတ်တရ ပြန်လည်ဆုံတွေ့ကြပါစို့
(၃၁)ကြိမ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်

ကျဆုံး/ကွယ်လွန်သွားကြသော သူငယ်ချင်းများအားရည်စူး၍ ကုသိုလ်ကောင်းမှု ပြုလုပ်လှူဒါန်းမည်ဖြစ်ပါသဖြင့် မိသားစုနှင့်အတူ ကြွရောက်ကြပါရန်။

ရက်စွဲ ။ ၃၁-၁၀-၂၀၀၉ရက် (စနေနေ့)
နေရာ ။ မြတ်သန္တာစာသင်တိုက်၊ ၁၀ မိုင်ကုန်း၊ ရန်ကုန်။ ဖုန်း-၀၁-၆၆၅၅၇၇
အချိန် ။ နံနက် ၉နာရီမှ မွန်းလွဲ ၂နာရီအထိ
ဆက်သွယ်ရန် ။ ဒုတိယဗိုလ်မှူးကြီးစိန်ဝင်း(ငြိမ်း) ဖုန်း-၀၉-၈၀-၃၂၃၂၃၊
ဗိုလ်မှူးကျော်ဝင်း(ငြိမ်း) ဖုန်း-၀၉-၅၁-၈၀၃၄၀၊
ဗိုလ်မှူးမြင့်သိန်း(ငြိမ်း) ဖုန်း-၀၁-၃၈၆၈၂၄။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးတင်မောင်လှ၏ မြန်မာနိုင်ငံကူးလက်မှတ် အမှတ်-၂၉၀၅၀၀သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁-၇၇၂၀၄။**

သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ တွင် မြို့ရေပေးရေးအတွက် ရေဂါလန် ၁၆၀၀၀ဆံ့ ရေစင်တည်ဆောက်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးဌေးလွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းကျော်ခိုင်တို့က ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မအူပင် အထက(၁) ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၂၆

ဧရာဝတီတိုင်း မအူပင်ခရိုင် မအူပင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၈-၂၀၀၉ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အောက်တိုဘာ ၁၈ရက် နံနက်ပိုင်းက အဆိုပါကျောင်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ မအူပင်ခရိုင်ဥက္ကဋ္ဌ ဦးအေးသောင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးရည်မွန်နှင့်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီး ဦးသိန်းထွန်းနှင့် ဆရာ ဆရာမများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ကြီး ဦးသိန်းထွန်း **(အပေါ်ပုံ)** နှင့် တာဝန်ရှိသူများက ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ငါးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ငါးဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၈ဦး စုစုပေါင်း ၄၄ ဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များ စံ(၅)ချက်ညီညွတ်ရေး သာကေတတွင် ဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၂၆

ရန်ကုန် အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စာငှားစနစ်ကျင့်သုံးခြင်းဖြင့် စံ(၅)ချက်နှင့် ညီညွတ်သည့် စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးဆွေးနွေးပွဲကို အောက်တိုဘာ ၂၁ရက်က ၁/အနော်မာရပ်ကွက် ရပ်ကွက်ရုံး၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှင်းလင်းဆွေးနွေး

ဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်မာမာဦးက စာငှားစနစ်ကျင့်သုံးခြင်းဖြင့် စာအုပ်စာစောင်တိုးပွားရေး၊ ငွေပဒေသာပင်စိုက်ထူ လှူဒါန်းရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးတို့ကို ဆွေးနွေးသည်။ ဆက်လက်၍ ၁/အနော်မာရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ဝင်းဦးက စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

ဥတုရာသီ တောကိုမှီ၏

ဉာဏစွမ်းရည်ပြိုင်

လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း အမှတ်(၄) အလုံမြို့နယ်၏ ဉာဏစွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၂၁ရက်က ကျောင်းခန်းမ၌ပြုလုပ်ရာ အကြီးတန်းအဆင့်(အက်ဖ်)တန်းမှ ရင်သွေးငယ်လေးများ နံနက်ချိန်ခါ စုပေါင်းသီချင်းဖြင့် ပြိုင်ပွဲဝင်ကြစဉ်။

(၁၂၃)

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့် ယန်းလော-လွယ်လုံကျေးလက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၄ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)



မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းရှင့်-

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် သံလျှက်မော်အနောက် အကွက်(၃၈၁) ပင်မ(၁၀)ရပ်ရှိ အမဲခြောက်နှင့် ဝက်အူချောင်းလုပ်ငန်းမှ အညှီ၊ အပုပ်နံ့များနှင့် အသားမီးကင်ရာမှ ညှော်နံ့များ နေ့စဉ် ရှူရှိုက်ရပါသောကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အို၊ ကလေးသူငယ်များ ကျန်းမာရေးထိခိုက်နေရပါသဖြင့် လိုအပ်သလိုကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့ဆိုးမခံနိုင်သူ**

ကားဘော်ဒီရုံနှင့်သံသေတ္တာရုံ ပြောင်းရွှေ့ပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် စက်မှုရတနာလမ်းမကြီးနှင့် စက်မှု(၃)လမ်း၊ စက်မှု(၄)လမ်းကြား ခြံကြီးတစ်ခြံရှိ ကားဘော်ဒီရုံများ၊ သံသေတ္တာအလုပ်ရုံတို့မှ ဆူညံသံကြောင့် ပတ်ဝန်းကျင်မှ ပြည်သူများ နားမခံနိုင်ပါသဖြင့် သင့်တော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **တာမွေသား**

ကျူးကျော်ဆိုင်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၉)ရပ်ကွက် ဆင်ဖြူရှင်လမ်းနှင့် မြိုင်လမ်းထောင့် မြိုင်လမ်းထိပ်တွင် ကျူးကျော်ဆိုင်များ ခင်းကျင်းရောင်းချခြင်းကြောင့် လမ်းပိတ်ဆို့သည့်အပြင် ဝန်းကျင်တစ်ဝိုက် အမှိုက်များ ရှုပ်ထွေးလျက်ရှိပြီး ကျန်းမာရေးနှင့် မီးဘေးကိုပါ စိုးရိမ်နေရပါသဖြင့် အဆိုပါ ကျူးကျော်ဆိုင်များကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးကြောက်သူ**

ဝက်ခြံမှအနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်ရ

စာတည်းခင်ဗျား-

ကယားပြည်နယ် လွိုင်ကော်မြို့ ဒေါ်တမရပ်ကွက် ဘူတာလမ်း လွိုင်ကော်ဘူတာကြီးရှေ့အနီးရှိ နေအိမ်တစ်အိမ်တွင် ဝက်များ စီးပွားဖြစ်မွေးမြူထားရာ ဝက်ချေးအနံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်နေရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးလိုလားသူ

လူနေရပ်ကွက်အတွင်းမှ စက္ကူဖြတ်လုပ်ငန်း ပြောင်းရွှေ့ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် (၆)ရပ်ကွက် ၄၃လမ်း (အောက်ဘလောက်) တိုက်တစ်တိုက်၏ မြေညီထပ်ရှိ စက္ကူဖြတ်စက်လုပ်ငန်းသည် နေ့စဉ် နေ့ရောညပါ လုပ်ကိုင်လျက်ရှိရာ ၎င်းစက္ကူဖြတ်စက်လုပ်ငန်းရှိ စက်များမှ ထွက်ပေါ်လာသော ပွဲတင်သံများကြောင့် တိုက်ခန်းများ တုန်ခါသွားပြီး နားမခံနိုင်အောင် ဖြစ်ရပါသဖြင့် စက္ကူဖြတ်စက် လုပ်ငန်းကို ရပ်ကွက်အတွင်းမှ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **တိုက်ခန်းနေသူများ**

သံပိုက်များဖြတ်တောက်ထုရိုက်သံ ဆူညံ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၇)ရပ်ကွက် ဦးလွန်းမောင်လမ်း အမှတ်(၁၅၊ ဂ)တွင် သွားဆေးခန်းသုံး လူနာစင်များပြုလုပ်သောလုပ်ငန်းမှ သံပိုက်သံချောင်းများ ဖြတ်ခြင်း၊ တူဖြင့်ထုရိုက်ခြင်း၊ ဆေးမှုတ်ခြင်း၊ ဂဟေဆော်ခြင်း လုပ်ကိုင်လျက်ရှိရာ ဆူညံသံများ၊ ညှော်နံ့များကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ အနှောင့်အယှက်ဖြစ်ရပါသဖြင့် အဆိုပါလုပ်ငန်းကို လိုအပ်သလိုကြပ်မတ်ပေးရန် တင်ပြအပ်ပါသည်။ **အနှောင့်အယှက်ဖြစ်ရသူများ**

အရက်ပုန်းဆိုင်ရောင်းချမှု ဖြေရှင်းဆောင်ရွက်ပြီး

၂၈-၉-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ပုသိမ်မြို့ မင်းကြီးလမ်း ဆေးရုံကြီးရှေ့ ဈေးဆိုင်ခန်းများမှ ဆိုင်တစ်ဆိုင်သည် လမ်းဘေးမြေကွက်ပေါ်တွင် ကျူးကျော်ဆိုင်ခင်း၍ အစားအစာနှင့်အတူ အရက်ပုန်းပါရောင်းချနေပါသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ရ** ပေးစာနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာမှ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပြီးစီးပါကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

မိတ္ထီလာကန်တော်အတွင်းရေဆိုးများမဝင်ရန် ဆောင်ရွက်ပြီးဖြစ်

၂၁-၉-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မိတ္ထီလာကန်တော်ကြီးအတွင်းသို့ ရေဆိုးများဝင်ရောက်လျက်ရှိသဖြင့် ကျန်းမာရေးထိခိုက်ရ** ပေးစာနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာမှ ရေဆိုးများမဝင်ရောက်နိုင်စေရန် စိစစ်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့်အဖွဲ့ အမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ယာဉ်၊ စက်ယန္တရားများထားရှိမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမိုးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးညီညီဆွေတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စားသောက်ဆိုင်လုပ်ငန်းရှင်များအား အခွန်ပညာပေး ဆွေးနွေးပွဲ အရာတော်တွင်ကျင်းပ

အရာတော် အောက်တိုဘာ ၁၉

မုံရွာခရိုင် အရာတော်မြို့နယ်အတွင်းရှိ စားသောက်ဆိုင်လုပ်ငန်းရှင်များအား အခွန်ပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁ရက် မွန်းလွဲ ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းမင်းက စားသောက်ဆိုင်များမှတ်ပုံတင်ခြင်းဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်အခွန်ဦးစီးမှူး ဒေါ်ခင်အုံးမြင့်က စားသောက်ဆိုင်လုပ်ငန်းရှင်များအား ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပါ စားသောက်ဆိုင်များနှင့် ပတ်သက်သည့် ဥပဒေစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် အသုံးပြုရမည့် ပြေစာဆိုင်ရာ သတ်မှတ်မှုများ၊ ထားရှိရမည့် မှတ်တမ်းစာအုပ်များနှင့် ပတ်သက်၍ ကုန်သွယ်လုပ်ငန်းခွင်ဆိုင်ရာကိစ္စရပ်များကို ပညာပေးဆွေးနွေးသည်။

ထို့နောက် စားသောက်ဆိုင် လုပ်ငန်းရှင်များက မရှင်းလင်းသည့်အချက်များကို မေးမြန်း၍ မြို့နယ် အခွန်ဦးစီးမှူးက ပြန်လည်ရှင်းလင်း ဆွေးနွေးကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လမ်းတံတား ကြံ့ခိုင်မှု

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့ အောက်တိုဘာ ၁၅ရက်က ပေါင်မြို့ မြို့တွင်းလမ်းတံတားများ ကြံ့ခိုင်မှုရှိမရှိ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးရန်နိုင်တို့က ရှင်းလင်းတင်ပြစဉ်။ (၁၇၆)

မြို့ရေပေးရေး

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် မြို့ရေပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် ရွှေနတ်တောင်ဆည်မှ အာရ်တီစီရေစုကန်သို့ ၁၂လက်မပိုက်လိုင်း အရှည်ပေ၉၅၀၀ ဆက်သွယ်လျက်ရှိရာ စက်တင်ဘာ ၂ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနီတို့စစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာမှူးတို့က ရှင်းလင်းတင်ပြကြစဉ်။ (၀၁၄)

ကျေးလက် လမ်း၊ တံတားများကောင်းမွန်ရေး ကျွန်းလှမြို့နယ်တွင် ကွင်းဆင်းဆောင်ရွက်

ကျွန်းလှ အောက်တိုဘာ ၂၀

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ လမ်း၊ တံတားများ ကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် ကျေးလက်လုပ်ငန်းဖြစ်သည့် အင်ဒိုင်း-ကျွဲတဲ-အင်လှလမ်း မြေသားလမ်းခင်း ဆောင်ရွက်နေမှုနှင့် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူတို့ပူးပေါင်းဆောင်ရွက်သည့် သက်ကယ်မြောင်းအုတ်ခုံခံသစ်သားတံတား တည်ဆောက်ပြီးစီးမှုကို စက်တင်ဘာ ၂၅ရက်က အမှုဆောင်အရာရှိ ဦးကျော်ကျော် ကွင်းဆင်းကြပ်မတ်စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ထွန်းသန်းက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြသသည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး သဲကုန်းမြို့နယ်၌ ဆင့်ပွားသင်တန်းဖွင့်

သဲကုန်း အောက်တိုဘာ ၁၃

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့နယ်အတွင်းရှိ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းအမှတ်စဉ် (၁၄/၂၀၀၉) ဖွင့်ပွဲကို သဲကုန်းမြို့နယ် ပျားစည်အုပ်စု ဓမ္မရဝေနွယ်စာကြည့်တိုက်၌ စက်တင်ဘာ ၂၀ ရက် နံနက်၈နာရီက ကျင်းပသည်။

ဟောပြော

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းက သင်တန်းဖွင့်ရခြင်း ရည်ရွယ်ချက်၊ စံ(၅)ချက်နှင့်ပြည့်စုံရေး၊ စာကြည့်တိုက်များ ရေရှည်ခိုင်မြဲရေးနှင့် စာဌာနစနစ်ကျင့်သုံးရေးတို့ကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးပြီး အင်းမအုပ်စု ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သန်းကျော်နှင့် စာကြည့်တိုက်မှူး ဦးလှသောင်းတို့က ကျေးဇူးတင်စကားများ ပြောကြားသည်။

ပို့ချဆွေးနွေး

သင်တန်းတွင် မြို့နယ်ဦးစီးမှူး ဦးနိုင်လင်း၊ ရပ်သံကျွမ်းကျင်(၃) ဦးစိုးသန်းနှင့် စာထောက်(၃) ဒေါ်သင်းသင်းအေးတို့က စာကြည့်တိုက်ထိန်းသိမ်းရေး ပညာရပ်များကို စာတွေ့ လက်တွေ့ပို့ချဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

စာဌာနကတ်စနစ် ကျင့်သုံးရေး ကွင်းဆင်းဆောင်ရွက်

မြောက်ဦး အောက်တိုဘာ ၂၀

စစ်တွေခရိုင် မြောက်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးနှင့် စာထောက်(၃) ဦးထွန်းမြကျော်တို့သည် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ရှင်သန်ရေး၊ စာဌာနကတ်စနစ်ကျင့်သုံးရေးတို့အတွက် စက်တင်ဘာ ၂၃ရက်က မောင်နှမကျေးရွာနှင့် အကြီးတော်မကျေးရွာ စာကြည့်တိုက်များသို့ ကွင်းဆင်း ဆောင်ရွက်ကြသည်။ ***(မြို့နယ် ပြန်/ဆက်)***

ပညာရေး ငွေပဒေသာပင် မိုးကောင်း၌ စိုက်ထူ

မိုးကောင်း အောက်တိုဘာ ၁၈

မိုးကောင်းမြို့နယ် လေးမိုင်ကျေးရွာ မြစိမ်းရောင်လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်က ပညာရေးငွေပဒေသာပင်နှင့် ကျေးလက်လမ်းပြင်ဆင်ထိန်းသိမ်းရန် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၁ရက်က ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ထို့နောက် ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ဦးဘညွန့်နှင့် ဒါရိုက်တာအဖွဲ့ဝင်များက မူလတန်းလွန်ကျောင်း တစ်ကျောင်း၊ မူလတန်းကျောင်း ခြောက်ကျောင်းအတွက် ပညာရေးငွေပဒေသာပင်အဖြစ် ငွေကျပ် ၃၅၀၀၀၀ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများထံ လည်းကောင်း၊ လေးမိုင်-လွယ်လီယန်-စံပါရီ ကျေးရွာချင်းဆက်လမ်း ပြုပြင်ရန် ငွေကျပ် ရှစ်သိန်းကို ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးထံသို့ လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။ **(၀၀၁)**

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဟောင်လိတ်ရပ်ကွက်ရှိ ဟောင်လိတ်-ရွှေညောင်ပင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလှမျိုး ဦးဆောင်၍ ဆောင်ရွက်ရာသို့ စက်တင်ဘာ ၁၂ရက်က အမှုဆောင်အရာရှိ ဦးကျော်သူ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကချင် ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် စည်ပင်သာယာရေး အဖွဲ့ မြို့နယ်အင်ဂျင်နီယာ ဦးစိန်မြမိုး နှင့် ဝန်ထမ်းများ မြို့မ ရပ်ကွက် ဆေးရုံလမ်း ကျောက် ချောလမ်း ခင်း နေ မှုကို မြို့နယ် စည်ပင် သာယာ အမှုဆောင် အရာရှိ ဦးဝင်းမြင့် စက်တင်ဘာ ၂၉ ရက်က ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အရိပ်ရပင် စိုက်ပျိုးရေး ညှိနှိုင်းဆွေးနွေး

နွားထိုးကြီး အောက်တိုဘာ ၁၅

နွားထိုးကြီးမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်၊ အတွင်းရေးမှူး ဦးရဲမြင့်အောင်တို့ဦးဆောင်သော ဌာနဆိုင်ရာများသည် စက်တင်ဘာ၄ရက်က သစ်ပင်မပေါက်သော ရုံးပင်ကန်ကျေးရွာတွင် တမာပင် ၇၀၀ကျော် စုပေါင်းစိုက်ပျိုးရေး ကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ တစ်အိမ်ထောင် တမာနှစ်ပင်နှုန်းဖြင့် အိမ်ခြေ ၃၅၀ကျော်အား အရိပ်ရပင် စိုက်ပျိုးရေး ညှိနှိုင်းဆွေးနွေးသည်။ (၀၉၂)



သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရန်အတွက် လဲချားမြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ မြို့ပေါ်ရှိ စာသင်ကျောင်းများနှင့် လူနေရပ်ကွက်များအတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၂ ရက်က လဲချားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးလင်းနှင့် ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

MCC Computer Since 1986

3 Days only Up To 50% (Oct 29, 30, 31)

ICT Foundation Course 24-10-2009
ICT Expert User Course 30-10-2009
Database Administration 30-10-2009
Multimedia Application 26-10-2009
Network Professional 26-10-2009

Degree, Diploma

IDCS — IAD — B.Sc — M.Sc

Enroll Now!!

ကြော်ငြာစာ

(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃) စစ်ကိုင်းခရိုင်တရားရုံး၌ ၂၀၀၉ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၄

ဦးလှထွန်းအောင်(ခ)ဦးတင်အောင် **နှင့်** ၁။ ဝင်းဦးကျော်
ပိုးတန်းရပ်၊ စစ်ကိုင်းမြို့။ ၂။ ကိုအောင်ဇေယျ
၃။ ဒေါ်တင်မေအောင်
၄။ ကိုဝင်းမြင့်
၅။ ကိုမျိုးခင်

လျှောက်ထားသူ **လျှောက်ထားခံရသူများ**

ကွယ်လွန်သူ ဦးဟုန်တိုက်ဟောင်၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု-

စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်၊ ကွင်းအမှတ်-၇၉၉(ပန်းဘဲတန်း)၊ ဦးပိုင်နံပါတ် ၁၆-(ဃ)၊ ဧရိယာအကျယ် ၅ဒသမ၁၅ဧကရှိ ဦးဟုန်တိုက်ဟောင် အမည်ပေါက်သည့် ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် မေးဖြစ်သူ လျှောက်ထားသူက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၉ခုနှစ် နိုဝင်ဘာ ၁၀ရက်(၁၃၇၁ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ကွယ်လွန်သူ ဦးဟုန်တိုက်ဟောင်၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခု သက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၄င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၀၉ခုနှစ် နိုဝင်ဘာ ၁၀ရက် (၁၃၇၁ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်)တွင် မိမိတို့ကိုယ်တိုင်သော် လည်းကောင်း၊ မိမိတို့နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြား ဆင့်ဆိုလိုက်သည်။

၄င်းကဲ့သို့လာရောက်ခြင်း တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော လျှောက်ထားသူ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်စေပြီးလျှင် ၄င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၀၉ခုနှစ် အောက်တိုဘာ ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ချစ်ချစ်
ခရိုင်တရားသူကြီး
စစ်ကိုင်းခရိုင်တရားရုံး။

မူလသစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် တန်ဆောင်မုန်းတရားစခန်း

ရန်ကုန်မြို့ မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်၏ အာဒိကမ္မိက၊ ကမ္မဋ္ဌာနာစရိယ၊ မူလဓမ္မာစရိယ ကျေးဇူးရှင်ဆရာကြီး ဦးကြည်၏ ဥပနိဿယမှုအတိုင်း ဆရာကြီး၏ လက်ရင်း တပည့်များဖြစ်ကြသော ဓမ္မကထိကဆရာ ဦးခင်မောင်ရီ၊ ဆရာဦးမောင်အုန်း၊ ဆရာဦးသိန်းဆွေ(ရန်ကုန်)တို့က ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၁၂) ရပ်ကွက်၊ မာဃလမ်း၊ မာဃဓမ္မာရုံတော်ကြီးတွင် ၁၃၇၁ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ရက်မှ ၁၃ရက်(၂၀၀၉ခုနှစ် နိုဝင်ဘာ ၈ရက်မှ ၁၄ရက်)အထိ ဓမ္မာနုပဿနာသတိပဋ္ဌာန် တရားတော်များကို ဟောပြောပြသလျက် (၇၄)ကြိမ်မြောက် တန်ဆောင်မုန်းတရားစခန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

တရားစခန်းဝင်ရောက်လိုသူများအနေဖြင့် နိုဝင်ဘာ ၇ရက် ညနေ ၅း၃၀နာရီထက် နောက်မကျဘဲ လာရောက်ကြရပါမည်။

ဆွမ်းလှူဒါန်းလိုသူများနှင့် အသေးစိတ်သိလိုသူများ နာယကဦးချစ်ရင် ဖုန်း-၅၄၄၈၂၄၊ ၀၉-၅၀၅-၂၁၁၅၊ ဓမ္မကထိက ဦးခင်မောင်ရီ ဖုန်း-၅၇၁၇၄၅၊ ဓမ္မကထိက ဦးသိန်းဆွေ(ရန်ကုန်) ဖုန်း-၀၉-၅၀၆-၃၁၈၄၊ ဥက္ကဋ္ဌ ဦးမြသောင်း ဖုန်း-၂၉၂၀၅၀၊ ၀၉-၅၁၂-၃၄၃၇၊ ဒုတိယဥက္ကဋ္ဌ ဦးညွန့်လှိုင် ဖုန်း-၅၄၆၈၃၈၊ ၀၉-၅၅၀-၄၅၃၇၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းလွင် ဖုန်း-၅၀၀၁၂၉၊ ၅၂၅၁၀၉၊ ဘဏ္ဍာရေးမှူး ဦးစိုးဝင်း ဖုန်း-၅၆၄၇၄၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

B.Sc(Maths), A.G.T.I (EP),
Electrical Engineer, Beng Tee Electrical Engineering Pte., Ltd., Singapore
B.Sc(Physics), A.G.T.I (EP), Teacher Training Course (Electrical Engineering),
Kunming University Of Science & Technology

FAME Tomatec
Lycopene 10 mg

ဒေါ်ခင်နန်းဝေ ၁၄/မအပ(နိုင်)၂၀၃၀၇၁နှင့် အများသိစေရန်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉/စီ)၊ မြေကွက်အမှတ်-၃၊ မြေဧရိယာ ၀ ဒသမ ၃၃၅ ဧကရှိ နှစ် (၉၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၂၅၈၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော ရတနာပုံရုပ်ရှင်ရုံ အဆောက်အအုံအပါအဝင် တပ်ဆင်ပါရှိသော ပစ္စည်းများနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ထံမှ ဝယ်ယူထားသော ဒေါ်ခင်နန်းဝေထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးဝင်းသန်းဦး ၉/မနမ (နိုင်)၀၄၅၈၈၂က ၄-၃-၂၀၀၉ ရက်စွဲပါ အရောင်းအဝယ် စရန်ပေးကတိစာချုပ်နှင့် အဆိုပါစာချုပ်ကို ပြန်လည်ပြင်ဆင်ချုပ်ဆိုသည့် ၁၂-၅-၂၀၀၉ ရက်စွဲပါ အရောင်းအဝယ် စရန်ပေးကတိစာချုပ်အရ တန်ဖိုးငွေကျပ်သိန်းပေါင်း ၁၇၄၀၀ ဖြင့် ဝယ်ယူရန် သဘောတူထားပြီး ရောင်းဖိုးငွေမှ ကျပ်သိန်းပေါင်း ၁၃၀၀၀ ကို နှစ်ရစ်ခွဲ၍ ပေးချေထားပြီး လွှဲပြောင်းခြင်းကိစ္စများကို ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးဝင်းသန်းဦးက ဆောင်ရွက်ရန် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်(၂၁၁၀/၂၀၀၉) အရ ရယူခဲ့ပြီး ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရတနာပုံရုပ်ရှင်ရုံ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ခင်နန်းဝေနှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုခြင်း၊ အပေါင်စာချုပ်ချုပ်ဆိုခြင်း အပါအဝင် ထပ်မံလွှဲပြောင်းခြင်း ကိစ္စအဝဝကို လုံးဝဆောင်ရွက်ခြင်းမပြုပါရန် သတိပေးတားမြစ်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိဘဲ ဖော်ပြပါထပ်မံလွှဲပြောင်းခြင်းကိစ္စရပ်များကို ဆောင်ရွက်ခဲ့ပါက ဆောင်ရွက်သူများ၏ တာဝန်သာဖြစ်ကြောင်း ဒေါ်ခင်နန်းဝေနှင့် အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းစိုး(ထွန်း)
B.A(Eco)., H.G.P., R.L., D.B.L
တရားရုံးချုပ်ရှေ့နေ(၅၄၉၃)၊
ဦးကျော်မြင့် B.A., H.G.P., R.L
တရားရုံးချုပ်ရှေ့နေ(၅၅၄၀)၊
ဒေါ်မူယာ (LL.B)
Dip;in Business Law
တရားရုံးချုပ်ရှေ့နေ(၆၆၆၀)
အမှတ် ၁၂၄၊ ပထမထပ်၊ ၃၈ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တိုက်-ခြံမြေ ရောင်းမည်/လဲမည်

ပြည်သာယာ ဘောက်ထော် ၁၁၅ပေ×၅၅ပေ၊ ဖုန်း+မီတာနှစ်လုံးပါ နှစ် ၆၀ ဂရန်မြေ ပိုင်ရှင်ကိုယ်တိုင်နေ (ခြံမြေ)ကို တောင်ဥက္ကလာ ဥဇနာလမ်းပေါ်ရှိ (မြသီတာလုံးချင်းအိမ်ရာ) မှ မြေကျယ်သော ခြံနှစ်ခြံတွဲဖြင့် အလိုက်ငွေယူ၍လဲမည်။

ဖုန်း-၄၀၀၃၄၈၊ ၂၄၅၇၀၉၊ ၂၄၅၆၁၃၊ ၀၉-၅၁-၈၈၄၇၃၊ ၀၉-၅၁-၉၀၂၃၆။

ရောင်းရန်ရှိသည်

ကြက်အရေပြား၊ အသည်းအမြစ်၊ ခြေထောက်၊ ခေါင်းများ ရောင်းရန်ရှိသည်။

ဖုန်း-၀၉-၅၀-၁၇၅၇၀။

စစ်ကိုင်းအသင်း(ရန်ကုန်) (၂၅)ကြိမ်မြောက် မဟာဘုံကထိန်ပွဲ

နေ့ရက် - ၃၁-၁၀-၂၀၀၉ရက်(စနေနေ့)
အချိန် - နံနက် ၉နာရီမှ ၁၁နာရီအထိ
နေရာ - မဟာသန္တိသုခကျောင်းတော်ကြီး
နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်။

စစ်ကိုင်းအသင်းသူ အသင်းသားများနှင့် မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့။

မှုးယစ်ကင်းစင် အလှဆင်

စစ်တွေခရိုင် မင်းပြားမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖလား ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်းစုံ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို အောက်တိုဘာ ၁၀ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပရာ အနိုင်ရဗိုလ်စွဲသွားသော အလယ်ပိုင်းရပ်ကွက်အသင်းအားမြို့နယ်ဥက္ကဋ္ဌဦးနေလင်းထွန်းက ဆုချီးမြှင့်စဉ်။(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များရှင်သန်ရေး စာငှားကတ်စနစ်ကျင့်သုံးရေး ဆွေးနွေး

မိုးကောင်း အောက်တိုဘာ ၁၉

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ငွေသည် ကချင်ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးဦးညွှန့်ရွှေနှင့် မိုးညှင်းခရိုင်ဦးစီးအရာရှိ ဦးမာန်ပိုင်းတို့နှင့်အတူ အောက်တိုဘာ ၁၆ ရက်မွန်းလွဲ ၁နာရီခွဲကမိုးကောင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ရောက်ရှိပြီး မြို့နယ်ဦးစီးမှူးဒေါ်အေးအေးလင်းနှင့် ဝန်ထမ်းများအား တွေ့ဆုံပြီး ဦးစီးဌာနမှချမှတ်ထားသော လုပ်ငန်းတာဝန် (၁၁)ရပ်ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စာငှားကတ်စနစ် ကျင့်သုံးရေးတို့ကို ဆွေးနွေးမှာကြားသည်။

(မြို့နယ် ပြန်/ဆက်)

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည်မြို့နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၁ရက်က အောင်ချမ်းသာ(၂)ရပ်ကွက်၌ နှစ်လက်မစက်ရေတွင်းကို လက်ထောက်အင်ဂျင်နီယာဦးစိုးသိမ်းတူးဖော်ဆောင်ရွက်မှုကို အမှုဆောင်အရာရှိဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူးဦးမြင့်စိုးတို့က ကွင်းဆင်းကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။
* RFA, DVB - သွေးထိုးနေသည်။
* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

(၁၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့

နေပြည်တော် အောက်တိုဘာ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အောက်တိုဘာ ၂၃ ရက်တွင် ထိုင်းနိုင်ငံ ဟွာဟင်းမြို့ရှိ Royal Dusit Grand Ballroom ၌ ကျင်းပသည့် (၁၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် **Dusit Thani Hotel** ရှိ **Napalai Ballroom(A) Main Building** ၌ ကျင်းပသည့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံပါလီမန်အမတ်များ ညီလာခံကိုယ်စားလှယ်များ ဆွေးနွေးပွဲသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ယခုပေးပို့သော စာမျက်နှာကိုသာ သုံးပါရန်